မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၂၆)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၁၀ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများကသောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်

နေပြည်တော် မတ် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်းသွားရောက်ခဲ့ပြီး ယနေ့ဒေသစံတော်ချိန်

စာမျက်နှာ ၁၆ ကော်လံ ၁ ✭







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများကသောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၁၀ ရက်)

# မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်မှတစ်ဆင့်

မြန်မာနိုင်ငံသည် ဘယ်လာရုစ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်မှစတင်ခဲ့ပြီး အပြန်အလှန်ယုံကြည်မှုနှင့်နားလည်မှုကို အခိုင်အမာတည်ဆောက်ထားသည်။ ယနေ့တိုင် နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်းဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းအချင်းချင်းဆက်ဆံရေး၊ အစိုးရဌာနအချင်းချင်းဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ခြင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုမှာ ပိုမိုခိုင်မြဲလျက်ရှိသည်။ အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်နွယ်မှုမှတစ်ဆင့် နှစ်ဦးနှစ်ဖက် တူညီသည့်အနာဂတ်ကိုလျှောက်လှမ်းနိုင်ရန် စတင်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာလူကာရှန်းကော့၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ်အတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၇ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံသမ္မတက သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာလူကာရှန်းကော့နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအပါအဝင် ဘယ်လာရုစ်နိုင်ငံအစိုးရအဖွဲ့မှအဆင့်မြင့်အရာရှိကြီးများနှင့်တွေ့ဆုံဆွေးနွေး၍ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ခြင်းကိစ္စရပ်များကိုဆောင်ရွက်ခဲ့သည်။

မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်အား မတ်လ ၆ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားစဉ် **"အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများကိုဖော်ဆောင်ပေးနေပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် မိတ်ဖက်နိုင်ငံဖြစ်သည့် ဘယ်လာရုစ်နိုင်ငံ၏ ခေတ်မီနည်းပညာနှင့် ပံ့ပိုးကူညီမှုများရရှိပါက မြန်မာနိုင်ငံရှိ လုပ်သားအင်အားများ၏စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာပြီး နှစ်ဦးနှစ်ဖက်ပိုမိုတည်တံ့ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအထောက်အကူဖြစ်စေမည်ဟုယုံကြည်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ဘယ်လာရုစ်နိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကတိကဝတ်များကိုစတင်နိုင်ရန် သဘောတူစာချုပ်မူကြမ်းကို လွန်ခဲ့သည့်ဆယ်စုနှစ်ကျော်ကပေးပို့လာခဲ့သည်ကို မြန်မာနိုင်ငံက စိတ်ပါဝင်စားမှုနှင့်အတူ အကြောင်းပြန်ကြားခဲ့ပြီးဖြစ်သည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကတိကဝတ်ကို ပြန်လည်အသက်သွင်းနိုင်ရန်အတွက် မြန်မာနိုင်ငံဘက်မှ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံနှင့်ဘယ်လာရုစ်နိုင်ငံတို့အကြား ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါး၊ စက်မှုလက်မှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံနှင့် သိပ္ပံနှင့်ခေတ်မီပညာများကိုလေ့လာနိုင်စေရန်အတွက် ပညာသင်ကျောင်းသားများကိုစေလွှတ်နိုင်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးမှု ညှိနှိုင်းမှုများကို အစပြုနိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဘယ်လာရုစ်နိုင်ငံ၏ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများပိုမိုရရှိနိုင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် စားနပ်ရိက္ခာပိုမိုဖူလုံမှုရှိစေရေးတို့ကို အလေးထားလေ့လာကာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုပါ တိုးမြှင့်နိုင်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုများမှာ အတိုင်းအတာတစ်ခုအထိတိုးတက်လျက်ရှိနေပြီဖြစ်သည်။

ဘယ်လာရုစ်နိုင်ငံသည် ဓာတ်မြေသြဇာထုတ်လုပ်မှုတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် ဓာတ်မြေသြဇာတင်သွင်းမှုအပိုင်းကို အဓိကမြှင့်တင်မည်ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍတစ်ခုဖြစ်သည့် ဓာတ်မြေသြဇာထုတ်လုပ်မှုတွင် ဘယ်လာရုစ်နိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန်ဖိတ်ခေါ်ထားသည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို နိုင်ငံတော်၏အဓိကကုန်ထုတ်လုပ်ငန်းများအဖြစ်မြှင့်တင်လျက်ရှိသည်။ ကမ္ဘာတွင် ဆန်တင်ပို့မှုအဓိကတင်ပို့သည့် ထိပ်တန်းနိုင်ငံတွင်ပါဝင်သလို ပဲတင်ပို့မှုမှာ ဒုတိယအမြင့်ဆုံးနိုင်ငံဖြစ်သည်။ အဆိုပါ ကုန်ထုတ်လုပ်ငန်းများမှ ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် သတင်းအချက်အလက်နှင့် နည်းပညာပိုင်းတွင် ရှေ့တန်းရောက်ရှိနေပြီဖြစ်သည့် ဘယ်လာရုစ်နိုင်ငံနှင့် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ပြီး စက်မှုလယ်ယာစနစ်ဖြင့် Smart Agriculture အဖြစ်အဆင့်မြှင့်တင်မည်ဖြစ်သည်။ မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်သည် အနာဂတ်တွင် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်မည့် အလားအလာကောင်းများရှိမည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၀-၃-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ သွားရောက်သည့်ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E .Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်နေ့တွင် သွားရောက်ရာမှ ယနေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့်ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဇဝ်ဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာရှီအာယ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ လူမျိုးပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်တို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားများအသီးသီးထုတ်ပြန်ကြေညာခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

---

YOUNG MEN'S BUDDHIST ASSOCIATION
Shwedagon Pagoda Campus, Dagon Township, Yangon
Tel : 01 838 1906, 09 688685848, Fax : 01 838 1906, Web : ymba.org.mm, email : info@ymba.org.mm

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

**ရက်စွဲ၊ ၂၀၂၅ ခုနှစ် မတ်လ (၉) ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E .Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုးသယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် နေပြည်တော်ကောင်စီနယ်မြေ ပြည်နယ်နှင့်တိုင်းဒေသကြီး YMBA အသင်းသူ အသင်းသားများ**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

---

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်
ALL MYANMAR HINDU CENTRAL COUNCIL
No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.
Tel : 01-8245648 E-mail : amhcc201902@gmail.com

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr.Vladimir Vladimirovich Putin နှင့်ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက်ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ပြောရေး အကျိုးများရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

---

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားချက်အရ ချစ်ကြည်ရေးသွားရောက်သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများအတွက် ထူးခြားကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များကို များစွာရယူနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)က ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

---

## ယုံကြည်ခြင်းဇဝ်ဂေလိအသင်းတော်(ပဲခူး) ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E .Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ရုရှားသမ္မတကြီးအပါအဝင် ရုရှားနိုင်ငံရှိ အဆင့်မြင့်ခေါင်းဆောင်ကြီးများအားလုံးနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည့်အပြင် ရုရှား-မြန်မာနှစ်နိုင်ငံ ပိုမိုယုံကြည်စိတ်ချရသည့် ရင်းနှီးသော မိတ်ဆွေကောင်းနိုင်ငံများအဖြစ် တည်ဆောက်နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွက် သမိုင်းဝင်အောင်မြင်မှုများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားများကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ယုံကြည်ခြင်းဇဝ်ဂေလိအသင်းတော်(ပဲခူး)က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ယုံကြည်ခြင်းဇဝ်ဂေလိအသင်းတော်(ပဲခူး)**

---

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ
PINNAYGONE YAKHINE JAAME MOSQUE
No 1 , 130th Street ,Mingala Taungnyunt Township ,Yangon,Myanmar,Tel: 01 – 291122

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ ဂုဏ်ယူဝမ်းမြောက်ခြင်း (၉-၃-၂၀၂၅)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E .Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါသည်။ မြန်မာ-ရုရှား ပိုမိုကောင်းမွန်သည့် မဟာမိတ်ဆက်ဆံရေးအား ဖန်တီးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပိန္နဲကုန်းရခိုင်ဂျာမေဗလီက သဘောထားထုတ်ပြန်အပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

---

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) ဂုဏ်ယူဝမ်းမြောက်ခြင်း

**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr.Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရေး၊ ပိုမိုတည်မြဲစေရေး သမိုင်းကဏ္ဍအသစ်ကိုဖွင့်လှစ်နိုင်ခဲ့သလို မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်ခဲ့သည်များကို များစွာ နှစ်ထောင်းအားရ ဝမ်းသာပီတိဖြစ်ရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ခဲ့သည်များအတွက် လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**
**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

စာမျက်နှာ ၄ သို့ ■

■ စာမျက်နှာ ၃ မှအဆက်

ဘုန်းသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း
အမှတ် (၂၉)၊ မြေညီထပ် ၊ ရွှေကြိုကွန်ဒို ၊စံပြ(ဝ.ဆ.ပ.လ) ရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ၊ ဖုန်း-၀၉-၈၇၇၈၅၃၉၄၄ ၊ ၀၉-၈၇၇၈၅၃၉၂၂
E-mail: bmrdamm@gmai.com Web Site : www.bmrdamm.org

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

**(၉-၃-၂၀၂၅)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr.Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ပြီး မြန်မာ-ရုရှား၊ မြန်မာ-ဘယ်လာရုစ် မိတ်ဖက်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများ၊ အားကစားကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လဲလှယ်နိုင်ခဲ့မှုအပေါ် ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ဂုဏ်ပြုဝမ်းမြောက်ကြောင်း ထုတ်ပြန်ချက်

သဘင်

**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သမိုင်းဝင်အောင်မြင်မှုများရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကိုသွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍပေါင်းစုံ တိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါသည်။ ထို့အပြင် မြန်မာ-ရုရှား မိတ်ဖက်ဆက်ဆံရေး၊ မဟာမိတ်ဆက်ဆံရေးတို့ကို ခိုင်မာသည့် ဆက်ဆံရေးအဖြစ် ဖန်တီးနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ မြန်မာ-ရုရှား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သည်များကို များစွာနှစ်ထောင်းအားရဝမ်းသာ ပီတိဖြစ်ရပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ခဲ့သည်များအတွက် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

မြန်မာ ရှီအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)
MYANMAR SHIAH MUSLIM RELIGIOUS ORGANIZATION (CENTRE)
အမှတ် (၁၀၇)၊ (၃၈)လမ်း (အောက်)၊ အမှတ်-၆ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
Office Ph: 09-445516160

**၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ အထူးဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် မြန်မာရှီအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)က လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားကြေညာအပ်ပါသည်။

**မြန်မာရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)**

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

Myanmar Sports Media Federation

**၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချွန်လွှာများအား ဆွေးနွေးညှိနှိုင်းလက်မှတ်ရေးထိုးခြင်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်**

## လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၏ ဝမ်းမြောက်ဂုဏ်ယူကြောင်းထုတ်ပြန်ချက်

**နေပြည်တော်၊ မတ် ၉ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr.Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ခိုင်ခိုင်မာမာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်နိုင်ငံသူ၊ နိုင်ငံသားများ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း **လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)** ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားခဲ့မှုဖြင့် နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်းရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

၂။ အဆိုပါ ချစ်ကြည်ရေးခရီးစဉ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် များစွာအထောက်အကူပြုသည့်အတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
မြန်မာနိုင်ငံလုံးဆိုင်ရာ
MSME (Cluster)
ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်
Ph : 09-425 305 572, 09-250 526 523, 09-448 013 552

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster)ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်မှ ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E.Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေး အကျိုးများရရှိခံစားရမည်ဖြစ်သည်ဟုယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME(Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ MSME(Cluster)**
**ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်**
**အလုပ်အမှုဆောင်အဖွဲ့ဝင်များ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ဖွင့်လှစ်၊ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားကို ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် Grand Autograph ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ရုရှားနိုင်ငံသို့တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာနိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး၊ နိုဗိုစီဗစ်မြို့အစိုးရအဖွဲ့ဝင်များ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ နိုဗိုစီဗစ်မြို့တွင် သွားရောက်ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့အား ဖွင့်လှစ်၍အလေးပြုကြသည်။


ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်နှုတ်ခွန်းဆက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်တို့က မြန်မာကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားတွင် အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။



နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။



နိုဗိုစီဗစ်မြို့တော်ဝန် မစ္စတာ မက်စ်စင်းမ် ဂီရာဂီရာယဗစ်ချ် ကူဒရာ့ဆက်ဗ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

မျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဒုတိယဝန်ကြီးများ၊ စကားပြောကြားရာတွင် မြန်မာ-ရုရှားနှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေး(၇၇)နှစ်ကြာရှိခဲ့ပြီဖြစ်ပြီး ယခုကဲ့သို့ နိုဗိုစီဗစ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၏သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ အာရှတိုက်ဘက်အခြမ်းတွင်ရှိသည့် အဓိကစီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာ၊ စက်မှုနှင့်ငွေကြေးဆိုင်ရာ ဗဟိုချက်ဖြစ်သည့် နိုဗိုစီဗစ်မြို့သည် မြန်မာနိုင်ငံနှင့် တိုက်ရိုက်လေကြောင်းပြေးဆွဲလျက်ရှိသည့် တစ်ခုတည်းသော ရုရှားနိုင်ငံမှ မြို့တစ်မြို့ဖြစ်ကြောင်း၊ နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးအား နိုဗိုစီဗစ်ဒေသတွင် နေထိုင်ကြသည့် ရုရှားနိုင်ငံသားများအတွက် မြန်မာနိုင်ငံနှင့်ချိတ်ဆက်ပေါင်းကူးရန်၊ နှစ်နိုင်ငံအကြားနားလည်မှုမြှင့်တင်ရန်၊ နိုဗိုစီဗစ်ဒေသဝန်းကျင်ရှိ မြန်မာအသိုင်းအဝိုင်းကို ကူညီစောင့်ရှောက်ပြီး ကောင်စစ်ဆိုင်ရာဝန်ဆောင်မှုများပေးအပ်နိုင်ရန် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**စာမျက်နှာ ၆ သို့ ●**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်း မိသားစုများနှင့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။

● စာမျက်နှာ ၅ မှအဆက်

ထို့နောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုဗိုစီဗစ်မြို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်နိုင်ခြင်းအတွက် လွန်စွာဝမ်းမြောက်ပါကြောင်း၊ ယခုကဲ့သို့ဖွင့်လှစ်နိုင်ခြင်းကြောင့် မိမိတို့မြို့နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအခွင့်အလမ်းကောင်းများ ဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးနှင့် နိုဗိုစီဗစ်မြို့အကြား ညီအစ်မမြို့အဖြစ် ထူထောင်မှုနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုသည်လည်း ပူးပေါင်းဆောင်ရွက်မှုတိုးတက်မှု၏ပြယုဂ်တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်အတွက်လည်းဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်၍ ကြွယ်ဝချမ်းသာမှုများရရှိစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် နိုဗိုစီဗစ်မြို့တော်ဝန်မစ္စတာ မက်စ်စင်းမ်ဂီရာဂီရာယဗစ်ချ်ကူဒရာ့ဆက်ဗ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာတရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်တို့က ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗိုစီဗစ်ဒေသအကြီးအကဲတို့အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာ-ရုရှား နှစ်နိုင်ငံမှ အခမ်းအနားတက်ရောက်လာကြသူများသည် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုဗိုစီဗစ်မြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ရောက်ရှိရာ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံးဆိုင်းဘုတ်အား အမွှေးနံ့သာများပက်ဖျန်းပေးသည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများနှင့် နိုဗိုစီဗစ်မြို့တွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားအရာရှိများအားတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်မြို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်မှု၊ ကုန်သွယ်မှုများတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုမှု၊ နိုဗိုစီဗစ်မြို့ရှိတက္ကသိုလ်များ၌ ပညာတော်သင်များပညာသင်ကြားနိုင်ရေးအတွက် ထပ်မံစေလွှတ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိမှုများနှင့် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် သင်တန်းသားအရာရှိများ၏ လိုအပ်ချက်များကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံးမိသားစုများနှင့် သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးမိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# ညောင်လေးပင်မြို့နယ်၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်

ညောင်လေးပင် မတ် ၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို မတ်လ ၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးလှမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံပိုင်တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင် စာရေးဆရာကြီး ဒေါက်တာမြင့်သန်း (ညောင်လေးပင်) က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပန်းချီဆရာများဖြစ်ကြသော ဆရာဦးအောင်မြတ်နှင့် ဆရာဦးဌေးနိုင်တို့က သင်တန်းနှင့်ပတ်သက်၍ လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကာ သင်တန်းနှင့်ပတ်သက်သည့် ဘာသာရပ်ကို သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းသို့ ညောင်လေးပင်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး သင်တန်းကို မတ်လ ၉ ရက်မှစ၍ ၁၀ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# မသွေသောသစ္စာနှင့် မပြယ်သောမေတ္တာ

ညိုမောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တိုင်းရင်းသား၊ တိုင်းရင်းသူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးစဉ်မှာ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်မှ ၉ ရက်အထိ ကြာမြင့်ခဲ့သည်။ ခရီးစဉ်အတွင်း ဆောင်ရွက်နိုင်ခဲ့မှုများမှာ နိုင်ငံတော်အတွက် အကျိုးကျေးဇူးကြီးမားလှသည်။ ကာလအားဖြင့် ရက်သတ္တပတ်မျှသာ ကြာမြင့်ခဲ့သောထိုခရီးစဉ်မှာ နိုင်ငံတော်အတွက် မှတ်တမ်း၊ မှတ်တိုင်၊ မော်ကွန်းတင်ထိုက်သည့် ခရီးစဉ်တစ်ခုအဖြစ်တည်ရှိနေမည်ဖြစ်သည်။

အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်နှင့်ပြည်သူအကျိုးကိုရှေးရှု၍ မှန်ကန်သောရည်ရွယ်ချက်၊ ခိုင်မာသောသန္နိဋ္ဌာန်၊ ပြင်းပြထက်သန်သောလှုံ့လဉဿာဟတို့ဖြင့် အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်။

ဖိတ်ကြားခဲ့သည့် အိမ်ရှင်နိုင်ငံတို့သည် နိုင်ငံတော်အကြီးအကဲအား နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ကော်ဇောနီခင်း၍ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့ကြသည်မှာလည်း ဂုဏ်ယူဖွယ်ရာဖြစ်သည်။

တိုတောင်းလှသော ခရီးစဉ်အတွင်းမှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool အားလက်ခံတွေ့ဆုံခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲ H.E.Mr. Batu KHASIKOV နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံခြင်း၊ စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များပူးတွဲထုတ်ပြန်ခြင်း၊ ဆာမားရာမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်းသို့သွားရောက်လေ့လာခြင်းကို နိုင်ငံနှင့်ပြည်သူအကျိုးအတွက် ရလဒ်ကောင်းများ ဆောင်ကြဉ်းပေးနိုင်သည်အထိ ဆောင်ရွက်ခဲ့သည်။

ထိုတွေ့ဆုံမှုများမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အာကာသနည်းပညာကို ငြိမ်းချမ်းစွာအသုံးချရေး ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ကြသည်။

နှစ်နိုင်ငံအကြား ပညာရေးအရည်အချင်းသတ်မှတ်ချက်နှင့် ပညာရပ်ဆိုင်ရာဘွဲ့၊ ဒီဂရီများ အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊ အကောက်အခွန်ဆိုင်ရာ သဘောတူညီချက်များ၊ ကျန်းမာရေးဆိုင်ရာနားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်းစာချွန်လွှာများ၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရာတွင် နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းဥပဒေနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာ စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်စာချုပ်(မူကြမ်း) အပေါ်ဆွေးနွေးညှိနှိုင်းမှုအောင်မြင်စွာပြီးမြောက်ခြင်းနှင့်စပ်လျဉ်းသည့် ပူးတွဲကြေညာချက်တို့ကို ထုတ်ပြန်နိုင်ခဲ့သည်။

ထို့အတူ ရုရှား-အာဆီယံ စီးပွားရေးကော်မရှင်ဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့်အဖွဲ့ကို လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ဖရဲသီး၊ သရက်သီး စသည့် သီးနှံများကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်သည့်အခြေအနေများ၊ စွန့်ပစ်အမှိုက်များကို Recycle ဖြင့် ပြန်လည်အသုံးပြုနိုင်ရေးကိစ္စရပ်များ၊ အာကာသနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို ထိထိရောက်ရောက်ဆွေးနွေးနိုင်ခဲ့သည်။ ရုရှား-မြန်မာ စီးပွားရေးဖိုရမ်သို့တက်ရောက်ပြီး နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ အလုပ်အကိုင်နှင့် အခွင့်အလမ်းများကို လမ်းဖွင့်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ခရီးစဉ်အတွင်း မအားလပ်သောလုပ်ငန်းတာဝန်များအကြားမှပင် အချိန်ကိုမရရအောင်ကြံဆထုတ်နုတ်၍ **စာမျက်နှာ ၈ သို့** ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တိုင်းရင်းသား၊ တိုင်းရင်းသူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

◆ **စာမျက်နှာ ၇ မှအဆက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ရှိ ပညာတော်သင်ကျောင်းသားများကို တွေ့ဆုံအားပေးခဲ့သည်။ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ အလားတူ သံရုံး၊ စစ်သံရုံး မိသားစုများကိုလည်း နွေးနွေးထွေးထွေး သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့သည်။ အကြီးအကဲကိုယ်တိုင်က လှုံ့လ၊ ဝီရိယ စိုက်ထုတ်၍ အလေးထားချီးမြှင့်ခြင်းဖြစ်သဖြင့် ပညာတော်သင်များနှင့် မိသားစုဝင်များအဖို့ ရေခြားမြေခြား၌ စိတ်ဓာတ်ခွန်အားများ မြင့်မားတိုးတက်လာကြမည်မှာ ဧကန်ဖြစ်သည်။

ခရီးစဉ်အတွင်းမှာပင် နှစ်နိုင်ငံဆက်ဆံရေးပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် အတူ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် အချက်အချာကျသည့် စိန့်ပီတာစဘတ်မြို့နှင့်နိုဗိုစီဗစ်မြို့တို့တွင် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးနှစ်ခုကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ဘယ်လာရုစ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်ကပင် အပြန်အလှန် တည်ဆောက်ထားနိုင်ခဲ့သည်။ ယနေ့တိုင် နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်းဆက်ဆံရေး၊ စီးပွားရေး လုပ်ငန်းအချင်းချင်းဆက်ဆံရေး၊ အစိုးရဌာနအချင်းချင်း ဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ခြင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုများ တိုးမြှင့်ခိုင်မာလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲသည် ဘယ်လာရုစ်နိုင်ငံ၌ နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေစဉ်အတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်း၊ နှစ်နိုင်ငံသဘောတူညီချက်များ ပူးတွဲထုတ်ပြန်ကြေညာခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါး၊ စက်မှုလက်မှုနှင့် ခရီးသွားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ သိပ္ပံနှင့် ခေတ်မီပညာရပ်များလေ့လာနိုင်စေရန်အတွက် ပညာသင်ကျောင်းသားများစေလွှတ်နိုင်ရေးအစရှိသည့် ဆွေးနွေးညှိနှိုင်းမှုများကို အစပြုနိုင်ခဲ့ပြီဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးစဉ်မှာ အမိနိုင်ငံတော်အတွက် သံတမန်ဆက်ဆံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေး အစရှိသည့် နယ်ပယ်ပေါင်းစုံအတွက် ရလဒ်ကောင်းများကို ရယူဆောင်ကြဉ်းပေးနိုင်ခဲ့သည့် ဘက်စုံအောင်မြင်သော ခရီးစဉ်တစ်ခုဟုဆိုရပါမည်။

ထိုသို့ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော် (ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာရီအာယ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ လူမျိုးပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်အစရှိသော အဖွဲ့အစည်းအသီးသီးတို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားများကို ကိုယ်စီကိုယ်စီထုတ်ပြန်ကြေညာခဲ့ကြသည်မှာ ဦးဆောင်သူနိုင်ငံ့ခေါင်းဆောင်နှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အမိနိုင်ငံအပေါ်ထားရှိအပ်သည့် ကောင်းမြတ်သော စိတ်စေတနာများ တစ်သားတည်းတစ်ထပ်တည်းဖြစ်ကြောင်းပြဆိုနေခြင်းပင်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိချိန်မှာ မြန်မာစံတော်ချိန် ညနေပိုင်းအချိန်ဖြစ်သည်။ ညနေခင်းလေပြည်သည် အေးမြသောအသွင်ကိုဆောင်လျက် တသုန်သုန်ဆော်သွေးတိုက်ခတ်နေသည်။ "တပေါင်းသာခေါင်လများနောင်" ဆိုသည့်အတိုင်း ဝန်းကျင်တစ်ခွင်မှာ အေးမြခြင်း၊ သာယာခြင်း၊ ငြိမ်းချမ်းခြင်း၊ ကြည်လင်ခြင်းတို့ဖြင့်အတိပြီးကာ အကြီးအကဲ၏ ခရီးစဉ်ကို နွေးထွေးစွာဆီးကြိုနေဘိသို့ တင့်တယ်သောအသွင်ကို ဆောင်လျက်ရှိသည်။

နေပြည်တော် တပ်မတော်လေဆိပ်သို့ အထူးလေယာဉ်ဆင်းသက်ချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှတာဝန်ရှိသူများ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များကလည်း ပျော်ရွှင်ဝမ်းမြောက်စွာ တီးမှုတ်ကခုန်၍ ဂုဏ်ပြုကြိုဆိုကြသည်။ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်ပြန်လည်ရောက်ရှိမှုကို ဝမ်းပန်းတသာကြိုဆိုနှုတ်ဆက်ကြခြင်းပင်ဖြစ်သည်။ အမိအဖသဖွယ်ဖြစ်သော နိုင်ငံ့ခေါင်းဆောင်အပေါ် သူတို့တစ်တွေ၏ ယုံကြည်ကိုးစားမှုနှင့် အားပေးထောက်ခံမှုကို တစ်ခဲနက်ပြသကြခြင်းလည်းဖြစ်သည်။

ပြည်သူတို့သည် ခရီးစဉ်တစ်လျှောက် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တိုင်းပြည်နှင့်လူမျိုးအကျိုးကိုရှေးရှုသည့် တွေ့ဆုံဆွေးနွေးမှုများနှင့် ကြိုးပမ်းအားထုတ်မှုများကို ကောင်းစွာသိမြင်နားလည်ထားကြပြီးဖြစ်သည်။ ဤသို့သော အကြောင်းရင်းခံများကြောင့်ပင် သူတို့ကိုယ်တိုင်၏ ရင်တွင်းစိတ်ဆန္ဒအခံဖြင့် ယခုလိုလာရောက် ကြိုဆိုကြခြင်းဖြစ်သည်။ ကြိုဆိုသူတိုင်း၏လက်ဝယ်တွင် မြန်မာနိုင်ငံအလံ၊ ရုရှားနိုင်ငံအလံနှင့် ဘယ်လာရုစ်နိုင်ငံအလံငယ်လေးများမှာ အေးမြသောလေပြည်နှင့်အတူ တလူလူတဖျပ်ဖျပ် လွင့်မြူးလျက်ရှိနေကြသည်။

**"ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ပါစေ၊ ရုရှား-မြန်မာနှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအလိုက် တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ၊ ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အောင်ဆောင်ရွက်ခဲ့သည့် နစကဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါသည်။ ရုရှားမြန်မာ ချစ်ကြည်စွာ တွဲလက်မြဲပါစေ၊ မြန်မာ-ရုရှားပူးပေါင်းအား မုချအောင်မြင်ပါစေ၊ ဘယ်လာရုစ်-မြန်မာချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ပါစေ၊ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါ၏၊ ရုရှား-မြန်မာ ချစ်ကြည်ရေးကို ခိုင်မြဲစေသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား လှိုက်လှဲစွာကြိုဆိုပါ၏"** စသည့်ဆိုင်းဘုတ်များကိုလည်းကောင်း၊ အကြီးအကဲ၏ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်များအတွင်း စွမ်းစွမ်းတမံလှုပ်ရှားဆောင်ရွက်ခဲ့သည့် ရုပ်ပုံများကိုလည်းကောင်း လက်ဝယ်ကိုယ်စီ အမြတ်တနိုးကိုင်ဆောင်ထားကြသည်။

**"အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ၊ ရုရှား-မြန်မာချစ်ကြည်ရေး၊ ဘယ်လာရုစ်-မြန်မာချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ပါစေ၊ ခိုင်မြဲပါစေ ခိုင်မြဲပါစေ"** အစရှိသော ကြွေးကြော်သံများကိုသံပြိုင်ညီညီဟစ်ကြွေး၍ သောင်းသောင်းဖြဖြ ကြိုဆိုနေကြပုံမှာ ကြက်သီးမွေးညင်းထဖွယ်ဖြစ်သည်။ အကြီးအကဲကလည်း ကားမှန်ကိုချ၍လက်ပြကာ အပြုံးဖြင့် တုံ့ပြန်နှုတ်ဆက်သည်။ နိုင်ငံတော်အကြီးအကဲ၏ စေတနာအရင်းခံဖြင့် ကြိုးစားအားထုတ်ခဲ့မှုများကို ပြည်သူအပေါင်းက ဝမ်းမြောက်ဝမ်းသာအသိအမှတ်ပြု ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းတို့၏ စေတနာစိတ်ဖြင့်ကြိုဆိုမှုများကို အကြီးအကဲက မေတ္တာစိတ်ဖြင့် ကမ်းလင့်တုံ့ပြန်သည်။ မေတ္တာဆိုသည်မှာ အလျားအနံမရှိသော်ငြား ကူးလူးတုံ့တင် အသွားအပြန်ရှိတတ်သည် ဆိုခြင်းမှာ မှန်လှပါသည်။ အပေးအယူမျှမျှ သဟဇာတကျကျဖြင့် မင်္ဂလာရှိသောမြင်ကွင်းတစ်ရပ်ပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း မိမိတို့မြန်မာနိုင်ငံနှင့်ရာသီဥတုကွာခြားချက်အရ အပူချိန် အနုတ် ၂ မှ အနုတ် ၁၂ ဒီဂရီစင်တီဂရိတ်အထိအနေအထားရှိသော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သို့ အသွားအပြန် မိုင်ပေါင်း ၁၀၀၀၀ ကျော်ခန့်အထိသွားရောက်၍ နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်စွမ်းဆောင်ပေးခဲ့ကြသည်။ အမိနိုင်ငံတော်အတွက် မသွေသောသစ္စာတရားတို့ဖြင့် ထိုသို့ စွမ်းစွမ်းတမံကြိုးစားအားထုတ်ခဲ့ကြသည်ကို တိုင်းရင်းသားပြည်သူအပေါင်းကလည်း မပြယ်သောမေတ္တာတရားတို့ဖြင့် ဤသို့ ညီညီညွတ်ညွတ်၊ လှိုက်လှိုက်လှဲလှဲ လာရောက်ကြိုဆိုဂုဏ်ပြုနေကြပုံများမှာ နိုင်ငံသားတစ်ယောက်အနေဖြင့် ဝမ်းသာကြည်နူး၍မဆုံးနိုင်အောင် ဖြစ်ရပါသည်။ ။

# စည်ပင်လှကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်

ဆင်ပေါင်ဝဲ မတ် ၉

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှကျေးရွာရှိ တောင်သူများ၏ လယ်ယာမြေများအတွက် စိုက်ပျိုးရေများ ကုန်ကျစရိတ်သက်သာစွာရရှိနိုင်ရန်ရည်ရွယ်၍ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ မတ်လ ၉ ရက်တွင် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးမျိုးအောင်၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးကျော်ဇေယျနှင့်တာဝန်ရှိသူများသည် ကျေးရွာရှိ တောင်သူများနှင့်အတူ စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

စည်ပင်လှကျေးရွာ၌ စိုက်ပျိုးရေရရှိရေးအတွက် အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ 7.7kW ဆိုလာစနစ်တပ်ဆင်ခြင်း၊ 5.5 HP Submersible Pump တပ်ဆင်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၄၃ ဒသမ ၈၁၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုနှစ် ဖေဖော်ဝါရီလတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ တောင်သူများ၏ လယ်ယာမြေများအတွက် စိုက်ပျိုးရေများ ကုန်ကျစရိတ်သက်သာစွာရရှိမည်ဖြစ်ပြီး သီးနှံများကို ရာသီမရွေး စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းသူ

# ပဲခူးမြို့၌ သနပ်ခါးအလှ မြန်မာကအစ ခြင်းလုံးအစ သရေခေတ္တရာက ပွဲတော်ကျင်းပ

**ပဲခူး မတ် ၉**

ရိုးရာအားကစားနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူး၍ သနပ်ခါးအလှ မြန်မာကအစ၊ ခြင်းလုံးအစ သရေခေတ္တရာက ပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ်လ ၈ ရက် ညနေပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး ယာဉ်ရပ်နားဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့်တာဝန်ရှိသူများက သနပ်ခါးအလှ မြန်မာကအစ၊ ခြင်းလုံးအစ သရေခေတ္တရာက ပွဲတော်အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က မြန်မာ့ရိုးရာ သနပ်ခါးယဉ်ကျေးမှုဓလေ့နှင့် ရိုးရာခြင်းလုံးအလှ ခတ်ခြင်းယဉ်ကျေးမှု ဓလေ့တို့ကို လူသားမျိုးနွယ် ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် စာရင်းသွင်းတင်ပြသည့်အခါ အထောက်အကူဖြစ်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယခုလိုနိုင်ငံတော်၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အသိအမှတ်ပြု ရိုးရာယဉ်ကျေးမှုအမွေအနှစ်များအဖြစ် အသိအမှတ်ပြုမှုရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြရာ မိမိတို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအနေဖြင့် တစ်တပ်တစ်အား ပါဝင်ခွင့်ရရှိသည့်အတွက်လည်း အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများက သနပ်ခါးပြခန်းများ၊ ပျော်ရွှင်စွာ သနပ်ခါးလိမ်းခြယ်နေကြသော ဒေသခံပြည်သူများနှင့် ခြင်းအလှခတ်တင်ဆက်ဖျော်ဖြေနေမှုများအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် သနပ်ခါးအလှလိမ်းခြယ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဖွဲ့၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် တိုင်းဒေသကြီးစိုက်ပျိုးရေးအဖွဲ့တို့၏ သနပ်ခါးအလှလိမ်းခြယ်ယှဉ်ပြိုင်နေမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ကြည့်ရှုအားပေးကြပြီး နိုင်ငံကျော်အနုပညာရှင်များကလည်း တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တစ်နိုင်ငံလုံး ပီတိဖုံး

* ရုရှားနှင့် မြန်မာ
မြန်မာနှင့် ဘယ်လာရုစ်
ချစ်ကြည်မှု ဖော်ညွှန်းကာ၊
နှုတ်ခွန်းချိုချိုနဲ့
ကြိုဆိုကာ ရွှင်ကြည်လန်းလို့
ဝမ်းပန်းတသာ၊
အရေးထားတာမို့
တလေးတစား ဆက်ဆံကာ
ထက်သန်စွာ ဆွေးနွေး။
အဆွေခေါင်းဆောင်တို့
အရှည်ကောင်းအောင် ဗျူဟာခင်း
ပွင့်လင်းတယ်လေး။
* ခိုင်သန်အတွေးရယ်နဲ့
နိုင်ငံရေး ကာကွယ်ရေး
လူမှုရေး စီးပွားရေး
ဖွံ့ဖြိုးရေး အထွေထွေ၊
ခရီးတွင်ပါပေ့
နည်းပညာ လက်ဆင့်ကမ်းလို့
လမ်းပြမျှဝေ၊
အဟောဝတပါပဲ
သဘောကျ အချက်အလက်တွေ
ကျက်သရေရှိ ဝင့်မြူး။
မင်္ဂလာ ရွှေခရီးမှာလ
ရွှေအသီး ရွှေအနှံနဲ့
ရွှေတွေလျှံ ရွှေရောင်လွှမ်းတယ်
ရွှေလမ်းဖြောင့်ဖြူး။
* ရွှေလမ်းဖောက်ပါလို့
ရွှေလမ်းလျှောက် ပြန်အလာ၊
တို့နိုင်ငံ ခေါင်းဆောင်ကြီးရဲ့
ခရီးက သာ၊
သောင်းသောင်းဖြ ကြိုဆိုကာ
ဘေးဝဲယာ တစ်လျှောက်လုံး။
ထောမနာလျှံ
ဩဘာသံ ဘဝဂ်ထိ
ပီတိတွေဖုံး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ



နေပြည်တော် မတ် ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ (၁၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ (ငြိမ်း) ဦးတင်အေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်အဖွဲ့ဝင် (ငြိမ်း) ဦးညွန့်တင်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၁၅ နှစ်တာကာလအတွင်း ကော်မရှင်အသီးသီးမှ အထွေထွေရွေးကောက်ပွဲ သုံးကြိမ်နှင့် ကြားဖြတ်ရွေးကောက်ပွဲသုံးကြိမ်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိကော်မရှင်အနေဖြင့် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲကော်မရှင်၏ မှားယွင်းသောလုပ်ဆောင်ချက်များကိုသုံးသပ်၍ လာမည့်အထွေထွေရွေးကောက်ပွဲကို ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်ပြီး ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့်လည်း အခက်အခဲအမျိုးမျိုးကြားမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်သိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးအခြေအနေအရ တိမ်းရှောင်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ကော်မရှင်ရုံး ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက လိုအပ်သည့် အပိုင်းများ၌ ကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်)၊ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ဒုတိယဆင့်) နှင့် (တတိယဆင့်) ရရှိသည့် ဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်သောင်းကျန်းသူများ၏ အန္တရာယ်များကြားမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများနှင့် ဌာနပိုင်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခဲ့သူများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သူများ စုစုပေါင်း ဝန်ထမ်း ၁၁ ဦးနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာ ဂုဏ်ထူးရရှိသူတစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ မြန်မာတစ်နိုင်ငံလုံး ဒုတိယဆုရရှိသူတစ်ဦး စုစုပေါင်းဝန်ထမ်း မိသားစုဝင်သုံးဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများချီးမြှင့်ခြင်း၊ ကျပ်သိန်း ၁၀၀ ခန့် တန်ဖိုးရှိ ဆုမဲများနှင့် ဆုငွေများ ဗလာမပါကံစမ်းမဲဖောက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပန်းမျိုးသစ်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်း



နေပြည်တော် မတ် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် (ထုံးဘို)ရှိ ပုဂ္ဂလိကဝက်မွေးမြူရေးခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုအားပေးပြီး မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆိုင်ရာများ အကြံပြုဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကြျုဝန်းခြံအသားတိုးနွားမျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်နှင့် သရုပ်ပြခြံအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသမျိုးရင်းအသားတိုးနွားများအား ပိုမိုကောင်းမွန်သောမျိုးကောင်းမျိုးသန့်များအဖြစ် မွေးမြူထုတ်လုပ်၍ မွေးမြူသူများထံဖြန့်ဝေပေးရန်၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့် အစာနု၊ အစာကြမ်းနှင့် ကောက်ရိုးချဉ်ဖတ်များ လုံလောက်စွာ ထုတ်လုပ်ကြရန်၊ တိရစ္ဆာန်သောက်သုံးရေ အပြည့်အဝရရှိစေရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးဆိုလာပန့်ရေတင်စနစ်ကို အသုံးပြုဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ အားလုံးတစ်ပြေးညီတာဝန်ပေး၍စနစ်တကျ စီမံခန့်ခွဲပြီး မျှတစွာအုပ်ချုပ်ရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြင်ဦးလွင်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒိုးကွင်းဥယျာဉ်ခြံကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်မြို့ကို ပန်းမြို့တော်အဖြစ် စီမံဆောင်ရွက်နေမှုကို အထောက်အကူဖြစ်စေရန်အတွက် ထူးခြားဆန်းပြားသော ပန်းမျိုးများထုတ်လုပ်ဖြန့်ဖြူးခြင်း၊ မေမြို့ပန်းများအား မျိုးစပ်မျိုးမြှင့်စိုက်ပျိုးနည်းပညာပေးခြင်းလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ရန်၊ ရေမြေဒေသနှင့် ကိုက်ညီသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးနည်းပညာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ မျိုးရင်းတူဒေသသစ်ခွမျိုးများကိုမျိုးစပ်၍ ခေတ်နှင့်အညီ မျိုးသစ်များရှာဖွေဖော်ထုတ်ရန်၊ သစ်ခွပန်းမျိုးများ အရောင်ကွဲအလိုက် ရွေးချယ်စုဆောင်းပြီး အသွင်သဏ္ဌာန်မျိုးထူးခြားသည့်မျိုးသစ်များ သုတေသနပြုဖော်ထုတ်ရန်နှင့် ပြင်ဦးလွင်စတော်ဘယ်ရီမူရင်းမျိုးများအား ထိန်းသိမ်းမျိုးပွားခြင်းကို ယခုထက်ပိုမိုအောင်မြင်အောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့အနီးရှိ ဂျိုင်း(ကော့ကရိတ်)တံတားဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၉

နှစ် (၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့အနီးရှိဂျိုင်း(ကော့ကရိတ်) တံတားအရှည် ၁၉၀၃ ပေ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က ဂျိုင်း(ကော့ကရိတ်) တံတားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်တို့က တံတားကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်း၍ တံတားပေါ်သို့ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဂျိုင်း(ကော့ကရိတ်)တံတား အဟောင်းသည် သက်တမ်းကြာမြင့်လာပြီး တံတားခံနိုင်ဝန်အား ကန့်သတ်ချက်ရှိလာသည့်အတွက် တံတားဟောင်းနေရာတွင် ဂျပန်နည်းပညာဖြင့် တံတားအသစ်အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ သက်သာသော အတိုးနှုန်းချေးငွေဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဂျိုင်း(ကော့ကရိတ်) တံတားသည် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး(East-West Economic Corridor)ပေါ်တွင် တည်ဆောက်ထားသော သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး အရှည် ၁၉၀၃ ပေ၊ ယာဉ်သွားလမ်း အကျယ်လေးလမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ၁ ဒသမ ၂ မီတာစီဖြင့် တည်ဆောက်ထားသည်။ ရေလမ်းကင်းလွတ်အမြင့် ၃၅ ပေရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၅၉၁ ပေရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းအလိုက် ၇၅ တန်ဖြစ်ပြီး တံတား၏ ပင်မရေလယ်တိုင်(Pylon)ကို ဂျပန်နည်းပညာ Steel Shell နှင့် Concrete ပေါင်းစပ်ထားသည့် Extradosed Bridge အမျိုးအစားဖြစ်သည်။

ယခုကဲ့သို့တံတားများကို တည်ဆောက်ခြင်းအားဖြင့် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးကိုအသုံးပြု၍ မြဝတီ-ဘားအံမှတစ်ဆင့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့လည်းကောင်း၊ ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သောကြောင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုမည်သာမက ဒေသတွင်း နိုင်ငံများနှင့်ပါ ဆက်သွယ်မှု ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနသည် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍လမ်း၊ တံတားများကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(သတင်းစဉ်)**

# တစ်သားတည်းပင် ကြားမထင်ဘဲ

ပြည်စိုးညိမ်း

**ရုရှားနှင့် မြန်မာ**
**မြန်မာနှင့် ရုရှား။**
**သူ့နိုင်ငံ သူ့အရေးကလည်း**
**ကိုယ့်နိုင်ငံ ကိုယ့်အရေးလိုပဲ့**
**ကိုယ့်နိုင်ငံ ကိုယ့်အရေးကိုလည်း**
**သူ့နိုင်ငံ သူ့အရေးရယ်သို့**
**ရှေးရှုစိတ်ထား။**

ယနေ့သည် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော နိုင်ငံတော်အဆင့်တရားဝင် ချစ်ကြည်ရေးခရီးစဉ်၏ ဒုတိယမြောက် နေ့ရက်ဖြစ်သည်။ ရာသီဥတုမှာ မော်စကိုမြို့၏ ကောင်းကင်တစ်ခွင်ဝယ် သာယာကြည်လင်လျက်ရှိသည်။ အပူချိန်မှာ ၄ ဒီဂရီစင်တီဂရိတ်မျှ ရှိမည်ထင်၏။ အဆောက်အအုံများအတွင်း၌မူ နေရာမလပ် အနွေးပေးစက်များစီမံထားရှိသဖြင့် အခန်းတွင်းအပူချိန်မှာ မသိသာလှသော်လည်း ပြင်ပ၌မူ အအေးဓာတ်က လွှမ်းခြုံလျက်ရှိနေသေး၏။

ခရီးစဉ်ဒုတိယနေ့အတွက် တစ်နေ့တာအတွင်းလုပ်ဆောင်ရမည့် လုပ်ငန်းအချိန်ဇယားတို့မှာများပြားလှသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း စသည်ဖြင့် လေးနက်ကျယ်ပြန့်သော တာဝန်ဝတ္တရားများက အရုဏ်ဦးနေ့သစ်နှင့်အတူ အသင့်စောင့်ကြိုနေသည်။

အမိမြန်မာနိုင်ငံတော်၏ အဆင့်မြင့်ကိုယ်စားလှယ်ကြီးများကလည်း ထိုတာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြရန်အလို့ငှာ မော်စကိုမြို့၏ နံနက်အရုဏ်ဦးနှင့်အတူ နိုးကြားဖျတ်လတ်စွာ အသင့်ရှိနေကြသည်။

ပထမဆုံးအစီအစဉ်အရ မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်သို့ လုံခြုံရေးယာဉ်တန်းများခြံရံထားသည့် အထူးယာဉ်တန်းဖြင့်ထွက်ခွာ၍ လွမ်းသူ့ပန်းခွေချအလေးပြုသည်။

နိုင်ငံတော်အကြီးအကဲသည်ရှေ့ဆောင်စစ်သည်နှစ်ဦး ဦးဆောင်၍ လွမ်းသူ့ပန်းခွေအားသယ်ဆောင်ပြီး အညတရစစ်သည် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုလျက်ရှိစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

အကြီးအကဲသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထိုသို့နှုတ်ဆက်နေစဉ် အနွေးစစ်ဝတ်များဖြင့် ညီညာစွာ သက်ဝင်လှုပ်ရှားနေသော ဂုဏ်ပြုတပ်ဖွဲ့သည် မြန်မာ့တပ်မတော် စစ်သီချင်းများဖြင့် ထပ်မံတီးမှုတ်ဂုဏ်ပြုခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။

ထိုနေ့နံနက်ပိုင်းမှာပင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အားငင်း၏အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံဆွေးနွေးသည်။

လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရင်းနှီးနွေးထွေးစွာ ဆီးကြိုနှုတ်ဆက်၍ ခန်းမအတွင်းသို့ ဦးဆောင်ခေါ်ယူသည်။ ဆွေးနွေးပွဲစတင်သည်နှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများကို မင်္ဂလာရှိစွာ စတင်ဆွေးနွေးသည်။ သည့်နောက်တွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပိုမိုမြင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြသည်။ မိမိတို့နိုင်ငံတွင် မကြာမြင့်မီကာလအတွင်း နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဆင်ယင်ကျင်းပတော့မည့်နည်းတူ ရုရှားနိုင်ငံ၌လည်း နှစ်(၈၀) ပြည့်ဖက်ဆစ်တော်လှန်ရေးနေ့ ကျင်းပတော့မည်ဖြစ်သည်။ လုံခြုံရေးကောင်စီအတွင်းရေးမှူးက ထိုအခမ်းအနားကြီးသို့ မြန်မာကိုယ်စားလှယ်များ တက်ရောက်ရေးနှင့် အခြားသောလုံခြုံရေးဖိုရမ်များ၌လည်း မြန်မာကိုယ်စားလှယ်များ ဖိတ်ခေါ်ခြင်းဆိုင်ရာ အကြောင်းကိစ္စများကို ပြန်လည်ဆွေးနွေးခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်းက ကျင်းပပြီးစီးခဲ့သည့် (၁၂)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့လည်း မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီးဖြစ်သည်။

လုံခြုံရေးကောင်စီအတွင်းရေးမှူးအား နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့၊ စည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းခြင်းအားဖြင့် တွေ့ဆုံပွဲကို လှပစွာ အနားသတ်လိုက်သည်။ တွေ့ဆုံပွဲအပြီးတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သောအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒူးမားလွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးရန် စီမံဆောင်ရွက်ကြပြန်သည်။ အချိန်မှာ ဒေသစံတော်ချိန် နံနက်ပိုင်းမှာပင် ရှိနေသေး၏။ မြန်မာကိုယ်စားလှယ်အဖွဲ့၏ အချိန်ရှိခိုက် လှုံ့လစိုက်၍ ကြိုးပမ်းနေကြပုံများမှာ နှစ်ထောင်းအားရဖွယ်ဖြစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နိုင်ငံတော်အကြီးအကဲနှင့် ကိုယ်စားလှယ်များ ဒူးမားလွှတ်တော်အဆောက်အအုံသို့ရောက်ရှိသည်နှင့် ကြိုတင်ရောက်ရှိနေရာယူထားသော ဒူးမားလွှတ်တော်ဥက္ကဋ္ဌက ဖက်လဲတကင်းဆီးကြိုနှုတ်ဆက်၍ အတူတကွ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲတွင် ဒူးမားလွှတ်တော်၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှု၊ လွှတ်တော်နှင့်ပါတီများ ဖွဲ့စည်းထားရှိမှု၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား လွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူဆောင်ရွက်ခဲ့ရမှုနှင့် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဆွေးနွေးကြသည်။ ဆက်လက်၍ ရုရှားနိုင်ငံအနေဖြင့် လည်း မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပချိန်၌ ထောက်ခံအားပေးသွားမည့်အခြေအနေများ၊ ပြည်ပမှ အကူအညီများရယူသည့် ပါတီများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေမှုအခြေအနေများ၊ မြန်မာနိုင်ငံလွှတ်တော်များ အဆင့်ဆင့်ဖွဲ့စည်းထားရှိမှုနှင့် ရွေးကောက်ပွဲကျင်းပမှုပုံစံများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ကြမည့်အခြေအနေများကိုလည်း ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

အချိန်တို့မှာ တရိပ်ရိပ်ကုန်ဆုံးလျက်ရှိသည်၊ နိုင်ငံတော်အကြီးအကဲနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များမှာမူ တွေ့ဆုံဆွေးနွေးမှုများနှင့် လုပ်ငန်းဆောင်တာများအကြား ခေါင်းမဖော်နိုင်စတမ်း မအားလပ်နိုင်အောင်အလုပ်များလျက်ရှိရာ နေ့လယ်ပိုင်းသို့ရောက်သွားသည်ကိုပင် သတိထားမိကြပုံမပေါ်။

ဒေသစံတော်ချိန် နေ့လယ်ပိုင်းတွင် ရုရှားအစိုးရအဖွဲ့ အိမ်တော်အစည်းအဝေးခန်း၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့်တွေ့ဆုံဆွေးနွေးရန် ဆက်လက်ထွက်ခွာခဲ့သည်။

ရုရှားအစိုးရအဖွဲ့ အိမ်တော်သို့ရောက်ရှိသည်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ်က ရင်းနှီးလှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ နှစ်ဖက်တာဝန်ရှိသူများတွေ့ဆုံပွဲကို ဆက်လက်ပြုလုပ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုအတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း နှုတ်ခွန်းဆက်စကားဆိုသည်။ အာရှပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံသည်


စာမျက်နှာ ၁၂ သို့

○ စာမျက်နှာ ၁၁ မှအဆက်

ရုရှားနိုင်ငံ၏ အဓိကလုပ်ဖော်ကိုင်ဖက် မဟာမိတ်နိုင်ငံတစ်ခုဖြစ်ကြောင်းကိုလည်း အလေးထား၍ပြောသည်။

နိုင်ငံတော်အကြီးအကဲက (၇၇)နှစ်ပြည့်မြောက် ကျော်လွန်ခဲ့ပြီဖြစ်သည့် သံတမန်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိပုံကို ပြောကြားသည်။ မိမိတို့အပေါ် ချစ်ခင်ရင်းနှီးစွာဖြင့်ကြိုဆိုနှုတ်ဆက်မှုအတွက် အလေးအနက်ထား၍ ကျေးဇူးစကားတုံ့ပြန်သည်။

သည့်နောက်တွင် ကုန်သွယ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးများကို တိုးမြှင့်လုပ်ဆောင်သွားရန် ဆက်လက်ဆွေးနွေးကြသည်။ နိုင်ငံတော်အကြီးအကဲက နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန် တိုးတက်လာစေရေးနှင့် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဖိတ်ခေါ်ဆွေးနွေးသည်။ အခြားသောဆောင်ရွက်ဖွယ်ရာများဖြစ်သည့် သဘောတူညီမှုစာချွန်လွှာများ လက်မှတ်မပန်းနိုင် လျှောက်လှမ်းလျက်ရှိသည်။ "မျိုးစေ့မမှန်ပင်မသန်က၊ ဖူးတံငုံကင်းအသီးဖျင်း၏" ဟူသော ဆိုရိုးစကားရှိသည်၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

လှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့်တွေ့ဆုံမိတ်ဆက်ပေးပြီး ဖက်ဒရယ်ကောင်စီ လွှတ်တော် အစည်းအဝေးခန်းမတွင် တွေ့ဆုံပွဲကို စတင်ကြသည်။

အဓိကအားဖြင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အစိုးရအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုအခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားမည့်အခြေအနေများကိုဆွေးနွေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲကျင်းပချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်မှ လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေနှင့် မြန်မာနိုင်ငံ၌ လွှတ်တော်ပြန်လည်ဖွဲ့စည်းပြီးချိန်တွင် လွှတ်တော်နှစ်ရပ်အကြားဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်တို့ကို အထင်းသားမြင်ရသည်။ ပူးပေါင်းဆောင်ရွက်သွားမည့်နယ်ပယ်များအလိုက်ပြန်လည်ဆွေးနွေးချက်များတွင်လည်း မြန်မာ့အမျိုးသားအကျိုးစီးပွားကိုဦးတည်သည့် ဆွေးနွေးချက်များသာ။ ချစ်ကြည်ရင်းစွဲဖြစ်သည့်ဆက်ဆံရေးကို အရင်းတည်သည်မို့ နှစ်ဖက်ကျေနပ်ဖွယ်ရာအကြောင်းအရာများကို အပြည့်အဝဆွေးနွေးနိုင်ခဲ့သည်ဟုဆိုနိုင်သည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်ဒုတိယနေ့အတွင်း တွေ့ဆုံဆွေးနွေးမှုများမှာ အမိနိုင်ငံတော်အတွက် သံတမန်ဆက်ဆံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေး အစရှိသည့် နယ်ပယ်ပေါင်းစုံအတွက်ရလဒ်ကောင်းများကို ရယူဆောင်ကြဉ်းပေးသည့် နေ့ရက်တစ်ရက်ဟုဆိုရပါမည်။

မြန်မာနှင့် ရုရှားဆိုသည်ကား သူ့နိုင်ငံသူ့အရေးကလည်း ကိုယ့်နိုင်ငံ ကိုယ့်အရေးသဖွယ်ပင်။ တစ်ဖန် ကိုယ့်နိုင်ငံကိုယ့်အရေးကိုလည်း သူ့နိုင်ငံသူ့အရေးသို့ ရှေးရှုစာနာ ထောက်ကူဖေးမခဲ့ကြသည့် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံ

**❖ အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ် ဒုတိယနေ့အတွင်း တွေ့ဆုံဆွေးနွေးမှုများမှာ အမိနိုင်ငံတော်အတွက် သံတမန်ဆက်ဆံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေး အစရှိသည့် နယ်ပယ်ပေါင်းစုံအတွက် ရလဒ်ကောင်းများကို ရယူဆောင်ကြဉ်းပေးသည့် နေ့ရက်တစ်ရက်ဟုဆိုရပါမည် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ရေးထိုးနိုင်ရေးကိစ္စရပ်များနှင့် အစိုးရအဖွဲ့အဆင့်မြင့်အရာရှိကြီးများ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များနှင့်ပတ်သက်၍လည်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ချစ်ကြည်ရေးခရီးစဉ်၏ ဒုတိယနေ့မှာ တွေ့ဆုံဆွေးနွေးပွဲများက အစီအရီနေရာယူလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲမှာ ပန်းတိုင်သို့ချီရာလမ်းဝယ် သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများကို မမောယခုအခါဝယ် မျိုးစေ့မှန်သဖြင့် အပင်သန်ရမည်ဟု အားလုံးက တူညီသောစိတ်ဆန္ဒတို့ဖြင့် မမိုတ်မသုန်ယုံကြည်ကြလျက်ရှိရာမဝေးတော့သောကာလတစ်ခုတွင် နိုင်ငံတော်၏ နယ်ပယ်ကဏ္ဍအစုံ၌ ပွင့်သောပန်းတို့ လန်းလန်းစွင့်စွင့်ရှိကြပေတော့မည်။

ဒေသစံတော်ချိန် မွန်းလွဲပိုင်းသို့ပင်ရောက်ရှိလာချေပြီ။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားဆွေးနွေးရန် ရုရှားဖက်ဒရယ်ကောင်စီလွှတ်တော်သို့ ဆက်လက်ထွက်ခွာသည်။

ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌက ရင်းရင်းနှီးနှီး စောင့်ကြိုဆိုနှုတ်ဆက်၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်ရှိရာသို့ ခေါ်ဆောင်သည်။ နိုင်ငံတော်အကြီးအကဲက လွှတ်တော်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ အကြီးအကဲနှင့် လွှတ်တော်ဥက္ကဋ္ဌတို့က မိမိတို့အဖွဲ့ဝင်များနှင့် အပြန်အလှန်၍လည်း အလေးအနက်ထားဆွေးနွေးနိုင်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲမှာ မောသည်ပန်းသည်မရှိ၊ အစည်းအဝေးများ၊ တွေ့ဆုံဆွေးနွေးမှုများကို တစ်ပွဲပြီးတစ်ပွဲ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။ ဆွေးနွေးပွဲများတစ်လျှောက်လုံးတွင် အကြီးအကဲ၏ တည်ကြည်သော စိတ်ဆန္ဒ၊ စွဲမြဲသော သန္နိဋ္ဌာန်စိတ်နှင့် တိုင်းပြည်အပေါ်ထားရှိသော စေတနာများဖြစ်ကြသည့်အားလျော်စွာ ချစ်ကြည်ရင်းနှီးမှုကိုအခြေတည်၍ နိုင်ငံနှင့် ပြည်သူအကျိုးအတွက် တစ်သားတည်းပင် ကြားမထင်ဘဲ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြသည်ဖြစ်ရာ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) သို့ မနေးအမြန်ရောက်ရှိတော့မည်ဖြစ်ပါကြောင်း နိုင်ငံသားတစ်ဦးအနေဖြင့် မမိုတ်မသုန်ယုံကြည်နေမိပါသည်။ ။

---

# ကလေးမြို့နယ်၌ ကြက်သွန်နီ ၂၆၅၁ ဧက စိုက်ပျိုးပြီးစီး

ကလေး မတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင်ကြက်သွန်နီ ၂၆၅၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးချိန်တွင် ကလေးမြို့နယ်၌ ကြက်သွန်နီ ၂၃၁၉ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ်အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၂၆၅၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကလေးမြို့နယ်အတွင်းရှိကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန်နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင်GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့်ကြက်သွန်နီဖြစ်စေရန်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြက်သွန်နီအများဆုံးစိုက်ပျိုးကြသည့်မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့်မြင်းမူမြို့နယ်တို့ဖြစ်သည်။

ရှိပြီးသားစိုက်ပျိုးရေးထွက်ကုန်များကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

(၄၀၉)

# “မြန်မာ-ရုရှား နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် နိုင်ငံအတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းတွေများစွာ ရရှိလာတော့မှာဖြစ်ပါတယ်” ဦးဇော်ဇော်နိုင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်သောအဖွဲ့သည် မတ်လ ၃ ရက်မှစတင်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ လူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့သည်။

အဆိုပါချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြရာ ဘာသာပေါင်းစုံအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြရာ ၎င်းတို့နှင့် တွေ့ဆုံ၍ ချစ်ကြည်ရေးခရီးစဉ်များအတွင်း မြန်မာနိုင်ငံ၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် ဝမ်းသာပီတိစကားသံများကို ရေးသားဝေမျှလိုက်ရပါသည်-


ဦးဇော်ဇော်နိုင်


ဒေါ်နီနီအောင်


ဒိန်းဒေါ်


ဒေါ်နန်းခင်မွှေး


နောင်တော်လေး


ဦးအောင်ကျော်စိုးမိုး

**ဦးဇော်ဇော်နိုင်(ဥက္ကဋ္ဌ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း)**

ဒီနေ့ကတော့ နိုင်ငံတော်ဝန်ကြီးချုပ် အနေနဲ့ ရုရှားနိုင်ငံမှာ မြန်မာနိုင်ငံရဲ့ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် စာချုပ်များစွာ ချုပ်ဆိုပြီး ပြန်လာတဲ့နေ့ တစ်နေ့ဖြစ်ပါတယ်။ ဒီစာချုပ်တွေကနေ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိကြပါလိမ့်မယ်။ ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတွေဟာ ကမ္ဘာမှာ နည်းပညာမြင့်တဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ဒီလိုနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် ကျွန်တော်တို့နိုင်ငံအတွက် စီးပွားရေး တိုးတက်အောင်ဆောင်ရွက်ခဲ့တယ်လို့ ကြားသိရပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ဆောင်ရွက်မှုတွေကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ကနေကို လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ဒီလိုကြိုဆိုခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။

**ဒေါ်နီနီအောင်( ဒေသခံပြည်သူ)**

ကျွန်မကတော့ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ကနေ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့အဖွဲ့ကိုလာရောက်ဂုဏ်ပြုကြိုဆိုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ရုရှားနိုင်ငံကိုသွားတဲ့အချိန်ကစပြီး ရုပ်မြင်သံကြားကနေ အမြဲမပြတ်စောင့်ကြည့်နေခဲ့ပါတယ်။ နောက်ပြီး ရုရှားနိုင်ငံက ခေါင်းဆောင်နဲ့ ကျွန်မတို့နိုင်ငံအကြီးအကဲနဲ့ တွေ့ဆုံတဲ့အချိန်မှာ ကျွန်မတစ်ကိုယ်လုံးကြက်သီးမွေးညင်းတောင် ထမိပါတယ်။ နိုင်ငံအတွက်လည်း အများကြီး ဂုဏ်ယူမိခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံ အနာဂတ်မှာဖွံ့ဖြိုးတိုးတက်မှုများ စွာရှိလာတော့မယ်လို့ ခံစားမိပါတယ်။ ဒါကြောင့်ဒီနေ့မှာဝမ်းသာပီတိအပြုံးတွေနဲ့ အတူ လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။

**ဒိန်းဒေါ်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး-ဗဟို)**

နိုင်ငံတော်ဝန်ကြီးချုပ်ကြီး နိုင်ငံခြားခရီးစဉ်သွားတဲ့သတင်းကို အမြဲကြည့်ဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးရဲ့ လုပ်ဆောင်ချက်တွေအားလုံးကို ကျွန်တော်သိထားတဲ့ အသိအမြင်လေးနဲ့ပြောရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ မကြာခင် အလွန်တရာဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်လာမယ်လို့ မြင်မိပါတယ်။ နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းလာမယ်လို့လည်း ယုံကြည်ပါတယ်၊ ဒါကြောင့်ဝမ်းပန်းတသာနဲ့ လာရောက်ဂုဏ်ပြုကြိုဆိုခြင်းဖြစ်ပါတယ်၊ မြန်မာနိုင်ငံကြီး အမြန်ဆုံးအေးချမ်းသာယာဝပြောပြီး တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းပြီး အလုံးစုံချမ်းသာကြွယ်ဝမှုပြည့်စုံမှုကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

**ဒေါ်နန်းခင်မွှေး(စည်းရုံးရေးမှူး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး-ဗဟို)**

ကျွန်မတို့သဘင်အစည်းအရုံးအနေနဲ့ မြန်မာ-ရုရှားချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ခိုင်မြဲပါစေလို့ ဆုမွန်ခြွေဖို့ရောက်ရှိလာခြင်းဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးရဲ့ ခရီးစဉ်တွေကို ရုပ်မြင်သံကြားကနေ ကြည့်ဖြစ်ခဲ့ပါတယ်။ ဒီလိုကြည့်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ချက်တွေကိုတွေ့ရတဲ့အတွက်နိုင်ငံသားတစ်ယောက်အနေနဲ့ အံ့သြဝမ်းသာမိပါတယ်။ ကျွန်မတို့နိုင်ငံအတွက် ဂုဏ်ယူစရာလည်းဖြစ်ပါတယ်။ ဒါကြောင့် သဘင်အစည်းအရုံး မိသားစုတွေအနေနဲ့ ဂုဏ်ပြုကြိုဆိုကြဖို့ ကြိုးစားပြီး လာရောက်ကြခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးနဲ့တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

**နောင်တော်လေး(အယ်ဒီတာချုပ်၊ Myanmar National Post)**

ကျွန်တော့်အနေနဲ့ ဒီနေ့ကြိုဆိုပွဲကို မီဒီယာသမားတစ်ယောက်အနေနဲ့ရော သီးခြားဂုဏ်ပြုတဲ့အနေနဲ့ပါ ဝမ်းမြောက်ဝမ်းသာလာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ခရီးစဉ်ရလဒ်တွေကို ကြည့်ဖြစ်ပါတယ်။ တရုတ်နိုင်ငံကို သွားတုန်းကလည်း နှစ်နိုင်ငံ အကျိုးစီးပွားအတွက် အကောင်းဆုံး ဆောင်ရွက်နိုင်ခဲ့တယ်။ အခု ဒီခရီးစဉ်ကျတော့ ပိုပြီးထူးခြားလေးနက်ပါတယ်။ ခရီးစဉ်မှာ ရလဒ်ကောင်းတွေရခဲ့တာဖြစ်တဲ့အတွက် နိုင်ငံရဲ့ အနာဂတ်အတွက် အများကြီး မျှော်လင့်လို့ရခဲ့ပါတယ်။ ဒီကိစ္စကိုလည်း ပြည်သူတွေက ဂုဏ်ယူရမှာဖြစ်ပါတယ်။ နိုင်ငံကောင်းဖို့ ဆောင်ရွက်နေတဲ့ ကိစ္စမှန်သမျှကို ပြည်သူတွေက ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေက ဒီလိုမျိုးရှေ့ကနေ နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းတွေရော ပြည်သူတွေကပါ ဒီအပေါ်မှာ တစ်သွေးတည်းတစ်သားတည်းဖြစ်ရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေရဲ့ ဦးဆောင်မှုနောက်ကိုဖြောင့်ဖြောင့်တန်းတန်းလိုက်သင့်ပါတယ်လို့ ပြောလိုပါတယ်။

**ဦးအောင်ကျော်စိုးမိုး(ဦးစီးအရာရှိ၊ ကာကွယ်ရေးဝန်ကြီးဌာန)**

ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့ကို ချစ်ကြည်ရေးခရီးသွားရောက်တွေ့ဆုံပြီး ပြည်သူတွေအတွက် အကျိုးဖြစ်ထွန်းစေမယ့်ရလဒ်တွေကို ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ဝမ်းသာစွာနဲ့ လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အထောက်အကူပြုစေမယ့် MoU လက်မှတ်တွေကို ရေးထိုးနိုင်တဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ဂုဏ်ယူမိပါတယ်။ အခုလို နိုင်ငံတော်အဆင့် ကြိုဆိုခွင့်ရတဲ့အတွက်လည်း ဝန်ကြီးဌာနကိုယ်စား တာဝန်ကျေတယ်လို့ ခံစားမိပါတယ်။ ။

**တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ကိုကျော်ထိန်အေး**

## ထူးခြားသည့် နေ့အပူချိန်များ

၉-၃-၂၀၂၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ရွှေကျင် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | သိမ်ဇရပ် | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ကျောက်ဆည်(လွန်ကျော်) | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် | ဖြူး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | တောင်ငူ (လေကြောင်းမိုးလေဝသ) | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | သာယာဝတီ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | ကြို့ပင်ကောက် | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ | ၃၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် | | | | | |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအားဖြေကြားချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံက နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးဖိတ်ခေါ်ချက်အရ ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံကို ဒီလ ၃ ရက်နေ့ကနေ ဒီနေ့ ၉ ရက်နေ့အထိ တစ်ပတ်ကြာခရီးသွားခဲ့ပါတယ်၊ ကျွန်တော်တို့အနေနဲ့ သတင်းတွေကို အချိန်နဲ့တစ်ပြေးညီထုတ်လွှင့်ခဲ့တဲ့အတွက် မီဒီယာအားလုံးလည်း ဘာတွေဆောင်ရွက်ခဲ့တယ်၊ ဘာတွေလုပ်ဆောင်ခဲ့တယ်ဆိုတာ သိပြီးသားဖြစ်မှာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်အကျယ်ချဲ့မပြောချင်တော့ဘူး။ အဓိကကတော့ နိုင်ငံ့အတွက် ဘာအကျိုးအမြတ်ရှိခဲ့လဲဆိုတာ ကျွန်တော်ပြောချင်ပါတယ်။ ဘာတွေရှိခဲ့လဲဆိုတော့ နံပါတ်တစ်က နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးဆိုတဲ့ ကဏ္ဍသုံးရပ်အနေနဲ့ ကျွန်တော်ခွဲပြောမှာဖြစ်ပါတယ်၊ နိုင်ငံရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အပြည်ပြည်ဆိုင်ရာဆက်ဆံရေး နိုင်ငံရေးနဲ့ပတ်သက်ပြီး အာမခံချက်ရခဲ့တာက ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေက ယခင်ကတည်းက နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံဘက်ကရပ်တည်ခဲ့တာဖြစ်တယ်၊ အခုလည်း ဆက်လက်ရပ်တည်သွားမယ်ဆိုတဲ့ ခိုင်ခိုင်မာမာ အာမခံချက်ရရှိခဲ့တယ်။ နံပါတ်နှစ်အချက်က ကျွန်တော်မြန်မာနိုင်ငံမှာ အားလုံးသိတဲ့အတိုင်းပဲ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ အစောဆုံးသည် ဒီဇင်ဘာလ နောက်ဆုံးအပတ်၊ နောက်အကျဆုံးသည် ဇန်နဝါရီလ ဒုတိယအပတ်လောက်မှာဖြစ် မယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ရုရှားနိုင်ငံ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း မီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားစဉ်။

ဘယ်လာရုစ်နိုင်ငံတွေအပြင် ကျန်တဲ့နိုင်ငံတကာတွေက ထောက်ခံပေးပါတယ်။ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေက ထဲထဲဝင်ဝင် ဝင်ရောက်ထောက်ခံပေးတဲ့အပြင် လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေလည်းလွှတ်ပေးမယ်ဆိုတဲ့ ခံယူချက်မျိုးရရှိခဲ့တယ်။ ပြည်သူတွေအနေနဲ့ ဝမ်းသာစရာက ကျွန်တော်တို့သည်ပြည်သူတွေလိုလားတောင့်တခဲ့တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေပြန်သွားမယ်။ မလွဲမသွေဆောင်ရွက်ပေးမယ်။ ဒါသည် အောင်မြင်ခဲ့တဲ့ နိုင်ငံရေးနဲ့ပတ်သက်တာဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍနဲ့ပတ်သက်ရင် ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့သည် ကျွန်တော်တို့နိုင်ငံထက် နည်းပညာမြင့်မားတာတွေရှိတယ်။ ကျွန်တော်တို့ ခင်ဗျားတို့သိတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့ စက်မှုစီးပွားကိုသွားမယ့်နိုင်ငံလို့ သတ်မှတ်ထားတယ်။ ဒီလိုမျိုးလုပ်နိုင်ဖို့ ကျွန်တော်တို့မှာအခွင့်အလမ်းကောင်းတွေရှိတယ်။ ရုရှားလိုနိုင်ငံမျိုးနဲ့ မပြောသေးဘူး။ မြန်မာရဲ့ အကျယ်အဝန်းထက် ဘယ်လာရုစ်နိုင်ငံသည်သုံးပုံတစ်ပုံလောက်ပဲကျယ်ဝန်းတယ်၊ ကုန်းတွင်းပိတ်နိုင်ငံဖြစ်တယ်။ ဒါ့အပြင် ဘယ်လာရုစ်နိုင်ငံသည် လူဦးရေအများဆုံး ၉ ဒသမ ၁ သန်းပဲရှိတယ်။ သို့သော်သူ့ရဲ့ စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းကနေရရှိတဲ့ GDP က ၉ ဘီလီယံနီးပါးထိရရှိတယ်။ အဲဒီမှာ ကြည့်လိုက်တော့ သူသည်လယ်ယာစိုက်ပျိုးမှုဧရိယာက မြန်မာနိုင်ငံထက်နည်းတယ်။ ဒါ့အပြင် ကန့်သတ်ချက်တွေလည်း ရှိပါတယ်။ အခုချိန်မှာ ဘယ်လာရုစ်နိုင်ငံရဲ့ ရာသီဥတုက ညပိုင်းမှာဆိုရင် အနုတ် ၂ ဒီဂရီစင်တီဂရိတ်မှ အနုတ် ၁၂ ဒီဂရီစင်တီဂရိတ်လောက်ရှိတယ်။ တချို့နေရာတွေမှာလည်း အမြဲတမ်းအေးနေတယ်၊ စိုက်ပျိုးဖို့အတွက် မြေကန့်သတ်ချက်၊ ရာသီဥတုကန့်သတ်ချက်တွေရှိတယ်။ ဒီလိုမျိုးနိုင်ငံတောင်ဖြစ်ထွန်းရင် ကျွန်တော်တို့လို ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်တဲ့နိုင်ငံက မဖြစ်ထွန်းစရာအကြောင်းမရှိပါဘူး။ လိုအပ်နေတာက ခေတ်မီတဲ့စိုက်ပျိုးမွေးမြူရေးစနစ်ဖြစ်တယ်။ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သဘောတူစာချုပ်တွေချုပ်ဆိုခဲ့တာရှိတယ်၊ ခေတ်မီတဲ့စိုက်ပျိုးမွေးမြူရေးစနစ်က လိုအပ်ချက်တွေအများကြီးရှိပါတယ်၊ ကျွန်တော်တို့တောင်သူလယ်သမားတွေရဲ့ လိုအပ်နေတဲ့ ဓာတ်မြေဩဇာလိုအပ်ချက် တွေ၊ ဒီဓာတ်မြေဩဇာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်အောင်ဆောင်ရွက်လျက်ရှိတယ်။ စာချုပ်တွေချုပ်ဆိုခဲ့တာရှိတယ်။ ဒါ့အပြင် ဓာတ်မြေဩဇာနဲ့ပတ်သက်ပြီး လိုအပ်ချက်ဆိုရင် မြန်မာနိုင်ငံမှာ စက်ရုံတည်ဖို့ဖိတ်ခေါ်ခဲ့တာရှိတယ်။ ဒါ့အပြင် တရုတ်နိုင်ငံနဲ့လည်း ဓာတ်မြေဩဇာ စက်ရုံတည်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင်မြန်မာနိုင်ငံမှာ အဓိကအရေးပါတဲ့ စီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကြီး ၃ ခု ရှိတယ်။ ကျောက်ဖြူ၊ သီလဝါ၊ ထားဝယ် ဆိုတဲ့ ရေနက်ဆိပ်ကမ်းတို့ဖြစ်တယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းသည် ရပ်ဆိုင်းနေတာကြာပြီ။ ဒီထားဝယ်ရေနက်ဆိပ်ကမ်းကိုလည်း ရုရှားနိုင်ငံနဲ့ ဆောင်ရွက်နိုင်ဖို့ MoU လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့တယ်၊ သို့သော်ရုရှားနိုင်ငံနဲ့ အဓိကထား ဆောင်ရွက်သော်လည်း ဘယ်နိုင်ငံမဆိုလည်း ဒီနေရာမှာပါဝင်လို့ရပါတယ်၊ လုပ်ဆောင်နိုင်ဖို့ဖိတ်ခေါ်တယ်လို့ ကျွန်တော်တို့အနေနဲ့ပြောချင်ပါတယ်။ နောက်တစ်ခုက လူမှုရေးဖြစ်တယ်။ လူမှုရေးကဏ္ဍပညာရေး၊ ကျန်းမာရေးမှာ သူတို့နိုင်ငံကမြင့်မားကြတယ်။ ပညာရေး၊ ကျန်းမာရေးကဏ္ဍမှာတိုးတက်အောင် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီခရီးစဉ်တစ်ခုလုံးကို အနှစ်ချုပ်ပြီးပြောရရင် ကျွန်တော်မြန်မာနိုင်ငံရဲ့ ပြည်သူတွေမျှော်မှန်းနေတဲ့ ကျွန်တော်တို့လျှောက်လှမ်းမယ့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်သွားနိုင်ဖို့၊ ပြန်လုပ်နိုင်ဖို့၊ ပြန်ဆောင်ရွက်နိုင်ဖို့၊ ပြန်ပြီးအောင်မြင်နိုင်ဖို့ တိုင်းပြည်တစ်ပြည်လုံးပိုပြီးဖွံ့ဖြိုးတိုးတက်လာနိုင်ဖို့အတွက် ဒါအလားအလာကောင်းတွေကို ဆောင်ကြဉ်းနိုင်ခဲ့တဲ့ ခရီးစဉ်ဖြစ်တယ်လို့ပြောချင်ပါတယ်။

# “မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်” ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် “မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်” ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြဝတီမီဒီယာစင်တာ Star Cinema ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် မြဝတီမီဒီယာစင်တာမှတာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြပြီး တာဝန်ရှိသူများက ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။




ဦးစွာ အခမ်းအနားမှူးများက “မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်” ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများသည် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ကြော်ငြာ Video Clip ကို မြဝတီမီဒီယာစင်တာ Outdoor LED တွင် ပြသမှုကို ကြည့်ရှုအားပေးကြပြီး ၂၀၂၄ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားများ ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုများကို ကြည့်ရှုကြသည်။

“မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်” အဖြစ် မတ်လ ၉ ရက်မှ ၂၉ ရက်အတွင်း နေ့စဉ် မွန်းလွဲ ၁ နာရီနှင့် ညနေ ၄ နာရီတို့တွင် ၂၀၂၄ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားများကို မြဝတီမီဒီယာစင်တာရှိ Star Cinema ရုပ်ရှင်ရုံ၌ ပြန်လည်ပြသသွားမည်ဖြစ်ပြီး ဝင်ကြေးအနေဖြင့် ငွေကျပ် ၅၀၀၀ နှင့် ငွေကျပ် ၁၀၀၀၀ နှုန်းသတ်မှတ်ထားသည်။

ထိုသို့ ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားများ ပြသရာတွင် မတ်လ ၉ ရက်မှ ၁၁ ရက်အထိ ဘိုးတော်ကင်းဇာတ်ကား၊ မတ်လ ၁၃ ရက်မှ ၁၅ ရက်အထိ ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ဇာတ်ကား၊ မတ်လ ၁၆ ရက်မှ ၁၈ ရက်နေ့အထိ မီးဇာတ်ကား၊ မတ်လ ၂၀ ရက်မှ ၂၂ ရက်အထိ နှောင်ဇာတ်ကား၊ မတ်လ ၂၃ ရက်မှ ၂၅ ရက်အထိ အိမ်မက်ကာရန် ဇာတ်ကား၊ မတ်လ ၂၇ ရက်မှ ၂၉ ရက်အထိ တိမ်ပန်းချီ ဇာတ်ကားတို့ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ – သီဟ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီဒီယာများ၏မေးမြန်းမှုများကို ပြန်လည်ဖြေကြားချက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr.Alexander Gregoryevich Lukashenko ဖိတ်ကြားချက်အရ ကျွန်တော်တရားဝင် ချစ်ကြည်ရေးခရီးသွားတာပါ။ သူတို့က တရားဝင်ဖိတ်တဲ့အတွက်ကြောင့် ကျွန်တော်တရားဝင်ချစ်ကြည်ရေးခရီး သွားနိုင်တာကတော့ နိုင်ငံအတွက် အင်မတန်ကောင်းတဲ့ဟာတစ်ခုဖြစ်ပါတယ်။ နောက်တစ်ခုက သွားတဲ့ခရီးစဉ် နှစ်နိုင်ငံလုံးမှာပဲ ကျွန်တော်တို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေ ကျယ်ပြန့်စွာဆွေးနွေးဆောင်ရွက်နိုင်ခဲ့တယ်။ အထူးသဖြင့် စီးပွားရေးနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်တဲ့ ကိစ္စရပ်တွေပေါ့။ နောက်နှစ်နိုင်ငံအပြန်အလှန်ကူးလူးသွားလာရေးအတွက်တိုးချဲ့ဖို့ဆိုတာ အထူးသဖြင့်တော့ ခရီးသွားကဏ္ဍတွေတိုးချဲ့ဆောင်ရွက်ရေးပေါ့ဗျာ။ နောက်တစ်ခုက ပညာရေး၊ နောက်သိပ္ပံနဲ့ နည်းပညာ၊ ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှု၊ ဥပဒေ၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်တွေ၊ ဒါတွေနယ်ပယ်တွေ ကျယ်ကျယ်ပြန့်ပြန့် ကျွန်တော်တို့ဆွေးနွေးနိုင်ခဲ့တဲ့အပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပျက်ပြောင်းလဲမှုအခြေအနေတွေ ရှင်းပြတာကို သူတို့နှစ်နိုင်ငံလုံးက ဒါကိုအားလုံးလက်ခံပါတယ်။ နောက် ကျွန်တော်ရွေးကောက်ပွဲလုပ်မယ့်အခြေအနေလည်း ကျွန်တော်လည်းရှင်းပြတယ်၊ ရှင်းပြတော့ သူတို့ ဒါကိုလည်း အားပေးထောက်ခံတဲ့အတွက်ကြောင့် သူတို့ဆီက ကိုယ်စားလှယ်လွှတ်ပြီးတော့ လာပြီးတော့ ရွေးကောက်ပွဲမှာ အကဲခတ်လာပြီးတော့ ကြည့်ပေးမယ့်အကြောင်းလည်း သူတို့ ပြောတာရှိတယ်။ ပိုကောင်းတာကတော့ နှစ်ဦးနှစ်ဖက် ဒီတွေ့ဆုံခြင်းအားဖြင့် ယုံကြည်မှုတွေအများကြီးရခဲ့တယ်ဗျ။ ရုရှားနိုင်ငံရော ဘယ်လာရုစ်နိုင်ငံရော သူတို့နိုင်ငံမှာရှိတဲ့ ပြည်သူတွေကရော မြန်မာနိုင်ငံအပေါ်မှာ စိတ်ဝင်တစားနဲ့ တော်တော်ဖြစ်လာတာကို ကျွန်တော် တွေ့တယ်ဗျ။ ဒါဟာကျွန်တော်တို့အတွက် (နောက်အနာဂတ်နိုင်ငံအတွက်)(နောင်နိုင်ငံတော်အနာဂတ်အတွက်လည်း) ကောင်းတဲ့ လက္ခဏာတစ်ခုပေါ့ဗျာ။ နောက်တစ်ခုကလည်း ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ လုပ်မယ်လို့ ကျွန်တော်ပြောခဲ့တာရှိတယ်။ ဒါကိုကျွန်တော်တို့ ခိုင်ခိုင်မာမာ လုပ်မှာပါ။ ပါတီစုံဒီမိုကရေစီစနစ်ကို တကယ်လိုချင်လို့ရှိရင် **ကဏ္ဍကောစ** လုပ်မနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ပဲ လိုပါတယ်။ အဲ့ဒါလုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံ မုချအောင်မြင်ရမယ်ဗျ။ မုချအောင်မြင်ရမယ် ကျွန်တော်ဒါကို ပြောရဲပါတယ်။ ပြည်သူတွေကိုကျွန်တော် ဒါလေးတော့ကျွန်တော့်ဘက်က သဘောထားပေါ့ဗျာ။ ကျွန်တော်ဒါကို ပြောပါရစေ၊ အားလုံးအစစအရာရာအောင်မြင်မယ် လို့လည်း ကျွန်တော်ယုံကြည်ပါတယ်ဗျာ။ ပြည်သူအများလည်း အားလုံးကျန်းမာချမ်းသာကြပါစေ၊ နောက်အစစအရာရာ တိုးတက်အောင်လုပ်နိုင်ကြပါစေလို့လည်း ကျွန်တော်ဆုမွန်ကောင်းတောင်းပါတယ်။ ပါတီစုံဒီမိုကရေစီကိုယုံကြည်တယ်ဆိုလို့ရှိရင် အားလုံးပူးပေါင်းဆောင်ရွက်ပေးကြပါလို့လည်း ကျွန်တော်ပြောလိုပါတယ်ဗျာ။ ကောင်းပါတယ်ဗျာ၊ ကျေးဇူးအများကြီးတင်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီဒီယာများ၏မေးမြန်းမှုကို ပြန်လည်ဖြေကြားစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်တို့ လက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

⇨ **ကျောဖုံးမှအဆက်**

ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာရုရှားနိုင်ငံသံအမတ်ကြီးနှင့် နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တက္ကသိုလ်ဓာတုဗေဒဌာနမှ ကျောင်းသား၊ ကျောင်းသူများနှင့်ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ကျောင်းသား၊ ကျောင်းသူများက "ပန်းတိုင်းပွင့်ပါစေ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက်မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသက်လွင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်ကျော်က ဦးတည်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ၍ အဖွင့်တေးသီချင်းသီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ပညာရေးဝန်ကြီးဌာန (၂၄)ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံတွင် သုတေသနစာတမ်းများကို မတ်လ ၉ ရက်မှ ၁၁ ရက်အထိ ဖတ်ကြားသွားမည်ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာဌာနများတွင် ဝိဇ္ဇာပညာရပ်စာတမ်း ၁၁၉ စောင်၊ သိပ္ပံပညာရပ်စာတမ်း ၁၅၅ စောင်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ခန်းမတွင် စာတမ်း ၂၈ စောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာရေးဆိုင်ရာ၊ ပညာရေးစိတ်ပညာဆိုင်ရာစာတမ်း ၇၀ စုစုပေါင်း စာတမ်း ၃၇၂ စောင်တို့ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ (၂၄)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံတွင်တင်သွင်းဖတ်ကြားသည့် သုတေသနစာတမ်းများမှ ဘာသာရပ်နယ်ပယ်အလိုက် အကောင်းဆုံးသုတေသနစာတမ်းဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀˚c | / | ၃၆˚c |
| ရန်ကုန် | ၂၃˚c | / | ၃၆˚c |
| မန္တလေး | ၁၉˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## နေရာကျဲကျဲ မိုးရွာနိုင်

နေပြည်တော် မတ် ၉

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်သည်။

(မိုး/ဇလ)

## ၉-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား

( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ် ဒေါက်ကပ်မောင်းတတ်ခြင်းကိုလည်း သူတို့သိသည်။ သို့ဖြစ်၍ ဒေါက်ကပ်ကို ညနေငါးနာရီတွင် သူရိယတိုက်သို့ပို့ရန် ကျွန်ုပ် မှာထားပြီး သူရိယတိုက်၌ တစ်ဦးတည်းသော မိတ်ဆွေ 'သံတွဲမောင်' အားလည်း ပြောထား၏။ ညနေငါးနာရီထိုး၍ တိုက်သားများသည် အလုပ်မှ ဆင်းလာကြသဖြင့် တိုက်ရှေ့၌ လှုပ်လှုပ်ရွရွရှိနေကြသည်။ ကျွန်ုပ်သည် (ထိုနေ့အဖို့ အထူးတလည် ဝတ်ဆင်လာခဲ့သည့် အဝတ်သစ်များဖြင့်) သံတွဲမောင်နှင့်အတူ တိုက်ပေါ်မှဆင်းလာပြီး ဒေါက်ကပ်ပေါ်သို့တက်ကာ ဆူးလေဘုရားလမ်းတစ်လျှောက် မောင်းလာခဲ့လေ၏။ မြင်းကြီးမှာ ချောချောလှလှနှင့် အဆက်အကွင်းကျ၍ ထွားကျိုင်းသော အလုံးအရပ်ရှိပေရာ ယခုကဲ့သို့ မော်တော်ကား အသွားအလာ မများလှသေးသည့် ဆူးလေဘုရား (ကတ္တရာစေး) လမ်းကြီးပေါ်တွင် ကျွန်ုပ်တို့ ဒေါက်ကပ်မြင်းကြီး၏ ခွာသံကြီးများသည် တဖြောင်းဖြောင်း တဖြောင်းဖြောင်းဖြင့် တစ်ဖက်စီ တစ်လုံးစီ ပီပီသသမြည်ချသွားလေ၏။ ရှေ့၌ တွေ့သောလန်ချားများနှင့် မြင်းရထားများကိုလည်း တဒေါင်ဒေါင် တဒင်ဒင်မြည်အောင် ဘဲလ်ကို ဆောင့်နင်းခြင်းအားဖြင့် ဖယ်ရှားစေ၏။ ဤအခြင်းအရာကိုမြင်ကြရသော သူရိယတိုက်သားများ အနက် ကျွန်ုပ်တို့နှစ်ယောက်အား (အထူးသဖြင့် ဒေါက်ကပ်မောင်းသော ရွှေဥဒေါင်းအား) အမြင်မကတ်သော သူရိယတိုက်သား ခပ်ရှားရှားရှိလိမ့်မည်ထင်သည်။ ကျွန်ုပ်၏ ဉာဉ်ဆိုးတစ်ခုမှာလည်း ကျွန်ုပ်အား အကြောင်းမဲ့ အမြင်ကတ်သူ၊ မနာလိုသူများကို တိုး၍အမြင်ကတ်အောင်၊ မနာလိုအောင် လုပ်ရခြင်းသည် အရသာတစ်ခုဖြစ်၏။ ဤဝါသနာမှာ ကျွန်ုပ်အဖို့၌ ဖျောက်ဖျက်ဖို့ အခဲယဉ်းဆုံးတစ်ခုဖြစ်နေပါတော့သည်။ ဤနည်းအားဖြင့် ကျွန်ုပ်နှင့် သံတွဲမောင်တို့သည် တစ်ပတ်လျှင် နှစ်ကြိမ်မျှလောက်

> **"မြင်းကြီးမှာ ချောချောလှလှနှင့် အဆက်အကွင်းကျ၍ ထွားကျိုင်းသော အလုံးအရပ်ရှိပေရာ ယခုကဲ့သို့ မော်တော်ကား အသွားအလာမများလှသေးသည့် ဆူးလေဘုရား (ကတ္တရာစေး) လမ်းကြီးပေါ်တွင် ကျွန်ုပ်တို့ ဒေါက်ကပ် မြင်းကြီး၏ ခွာသံကြီးများသည် တဖြောင်းဖြောင်း တဖြောင်းဖြောင်းဖြင့် တစ်ဖက်စီ တစ်လုံးစီ ပီပီသသ မြည်ချသွားလေ၏. . ."**

ကန်တော်ကြီးသို့ လေညင်းခံထွက်ကြလေရာ သူကလည်း ဤဇိမ်မျိုးကို လျှာလည်လာသည်ဖြစ်၍ တစ်လှည့်တစ်ပတ်တွင် အကုန်အကျခံပါပေသည်။ ကျွန်ုပ်သည် မော်တော်ကားကိုတော့ မမောင်းဖူးပါ။ သို့ရာတွင် ဒေါက်ကပ်ကောင်းကောင်းတွင် မြင်းရွရွလှလှတပ်၍ မောင်းရခြင်းသည် 'မောင်း' ခြင်းတကာတို့တွင် ဇိမ်အရှိဆုံးဟူ၍ ဆိုချင်ပါသည်။

### ချဲလင့်ချ် လုပ်မိဖူးခြင်း

တစ်နေ့သ၌ သံတွဲမောင်နှင့် သူရိယတိုက် စာရေးတစ်ယောက်သည် (မည်သည့် အကြောင်းကြောင့်ဟူ၍ မမှတ်မိတော့။) တိုက်ထဲတွင် စကားများ ရန်ဖြစ်ကြလေရာ စာရေးသည် သံတွဲမောင်အား အဝေးကြီးမှပြေးလာပြီး ခြေထောက်နှင့် ကန်ကျောက်လိုက်သဖြင့် သံတွဲမောင် ယိုင်သွား၏။ လူနှစ်ယောက်မှာ လုံးတူရပ်တူ ခပ်ထွားထွားချည်းဖြစ်၍ လက်ဝှေ့ပွဲကြည့်ရတော့မည်ဟု မျှော်လင့်ကြ၏။ သို့ရာတွင် သံတွဲမောင်သည် စာရေးကို တုံ့ပြန်ကန်ကျောက်သည်ဖြစ်စေ၊ ယုတ်စွအဆုံး လက်သီးနှင့်ထိုးသည်ဖြစ်စေ ပြုလုပ်ရမည့်အစား စားပွဲတစ်ခုသို့ပြေးပြီး မင်အိုးတစ်လုံးကောက်ယူကာ စာရေးအား ပေါက်၏။ မထိမှန်ချေ။ ဤတွင် သံတွဲမောင်သည် တောင်ပြေး မြောက်ပြေးနှင့် လက်နက်တစ်ခုခုကိုရှာလေရာ သတင်းစာတိုက်ဖြစ်၍ (သူက ရှာဟန်ရှိသည့်) တုတ်၊ ဓား၊ သေနတ် စသောလက်နက်ကောင်းမျိုးကို မတွေ့ရချေ။ ထိုအခါ စာရေးသည် နောက်တစ်ခါ ကန်ကျောက်ဦးမည်ဟု ပြေးသွားရန် ဟန်ပြင်လျက်ရှိစဉ် ကျွန်ုပ်က 'ဟေ့လူတော်တော့ကွ၊ မင်းကချည်းလုပ်နေရတာပဲ'ဟု ပြောလိုက်သည်နှင့် တန့်သွားပြီး ရန်ပွဲပြီးသွား၏။ သံတွဲမောင်မှုကား သူ့စားပွဲတွင် ပြန်၍ထိုင်ကာ အံသွားကြိတ်ခြင်း၊ လက်သီးဆုပ်ခြင်း စသည်များဖြင့် ဒေါသကိုပြလျက်ရှိ၏။

ထိုအခါ ကျွန်ုပ်သည် စာရေးက အယ်ဒီတာအား တစ်ဖက်သတ်ကန်ကျောက်ခြင်းကို မခံချင်သည်တစ်ကြောင်း၊ သံတွဲမောင်ကို သနားသည်တစ်ကြောင်း၊ ကျွန်ုပ်က အလုပ်သွင်းပေးထားသော အယ်ဒီတာဖြစ်သည်တစ်ကြောင်း၊ လုံးတူရပ်တူဖြစ်လျက် လက်သီးချင်းလည်းမထိုး၊ ခြေထောက်ချင်းလည်းပြိုင်၍ မကန်ဝံ့ဘဲ မရှိသော လက်နက်ကို ရှာနေရချေမည်လောဟု စိတ်ပေါက်လာသည်တစ်ကြောင်းကြောင့် စာရေးအား 'ဟေ့လူ မင်းနဲ့ငါနဲ့ တိုက်ခေါင်မိုးပေါ်တက်ပြီး တစ်ချီတစ်ပွဲ သတ်ချေကြစို့လား'ဟု ချဲလင့်ချ်လုပ်လိုက်၏။ ကျွန်ုပ်တို့ သုံးယောက်စလုံးမှာ လုံးတူရပ်တူ 'လန်ဘား'ချည်းဖြစ်၍ တကယ်သတ်ကြလျှင် မည်သူရှုံးမည်၊ နိုင်မည် ခန့်မှန်းရန် ခဲယဉ်းပေလိမ့်မည်။ ကျွန်ုပ်အဖို့ ရာ၌ကား ဘုန်းကြီးကျောင်းသားဘဝ၌ ရွယ်တူလျှင် လူမရွေးဆိုကာ ထိုးသတ်ခဲ့ဖူးသည့် အလေ့အကျင့်မျှလောက်သာ အားကိုးရှိပါသည်။ စာရေးသည် ကျွန်ုပ်အား လှမ်းကြည့်၍ "ခင်ဗျားနဲ့တော့ မသတ်ချင်ဘူး၊ အပြေးပြိုင်ချင်တယ်"ဟု ပြန်ပြောလေသည်။ ဤအကြောင်းအရာကို ရေးသားဖော်ပြရခြင်းမှာ ကျွန်ုပ်၏ သတ္တိကို သိစေလိုသောကြောင့် မဟုတ်ရပါ။ သူရိယတိုက်မှ ကျွန်ုပ်အလုပ်ပြုတ်ရာတွင် ဤစာရေး၏ လက်ချက်ပါရှိခြင်းကို ဖော်ပြရဦးမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ သံတွဲမောင်ကား သူ၏ အသရေကို ကျွန်ုပ်က ဆယ်လိုသောရည်ရွယ်ချက်ဖြင့် စာရေးအား ချဲလင့်ချ်လုပ်သည်ဟု နားလည်ဟန်မတူ။ နောင်တွင် ဟိုတယ်တစ်ခု၌ ကျွန်ုပ်ကို ပုလင်းနှင့် ရိုက်မည်ကြံစည်ဖူးသေးရာ ကျွန်ုပ်၏ညီက သူ့အကြံကိုသိ၍ လုံချည်ထဲ၌ ဝှက်ထားသော ပုလင်းကို ထုတ်ယူလိုက်နိုင်သည်နှင့် အကြံပျက်သွားပါတော့သည်။ (ယခုအချိန်၌ စာရေးရော သံတွဲမောင်ပါ ကွယ်လွန်ရှာကြပြီ။)

### မိဘနှစ်ပါးကို ပင့်ခေါ်ခဲ့ခြင်း

၁၉၂၀ ပြည့်နှစ် ဩဂုတ်လတွင် ကျွန်ုပ်သည် (လုပ်သက်သုံးနှစ်တွင် အခွင့်တစ်လပေးသော သူရိယတိုက်စည်းကမ်းအတိုင်း) အခွင့်တစ်လယူ၍ မိသားစုများနှင့်အတူ ဝက်လက်၌ရှိသော မိဘများထံသို့ အလည်သွားကြရန်ပြင်ဆင်၏။ ကျွန်ုပ်နှင့်အတူနေသော ညီလည်းပါသည်။ (လွန်ခဲ့သောတစ်နှစ်လောက်က ကျွန်ုပ်သည် သူရိယတိုက်တွင် စာရေးအလုပ်တစ်ခုလစ်လပ်၍ တိုက်အုပ်ဦးလှဖေထံ ညီအတွက် လျှောက်ထားဖူး၏။ ကျွန်ုပ်၏ညီမှာ ဆရာဖြစ်စာမေးပွဲလည်းအောင်၍ အင်္ဂလိပ်ရော မြန်မာစာအရေးအသားတွင် သာမန်စာရေးများထက်သာကြောင်း ပြောထား၏။ နောက်ဆုံး၌ ဦးလှဖေက တိုက်တစ်တိုက်တည်းတွင် လုပ်သားညီအစ်ကိုခန့်ထားသော 'မူ'ကို သူသဘောမကျကြောင်း၊ တစ်ခါက ညီအစ်ကိုနှစ်ယောက် ခန့်ထားဖူးသည့်အတွက် လုပ်သားအချင်းချင်း ပြဿနာပေါ်ပေါက်ရဖူးကြောင်း၊ သူ၏ညီအရင်းတစ်ယောက်ကိုပင် သူရိယတိုက်သို့ မသွင်း၊ အခြားနေရာတစ်ခုတွင် လုပ်ကိုင်စေကြောင်း ပြော၍ ငြင်းပယ်လိုက်ဖူးပါသည်။ ကျွန်ုပ်သည် သံတွဲမောင်နှင့် ရန်ဖြစ်ဖူးသည့် စာရေး၏ (ရန်မဖြစ်မီက) မိတ်ဆက်ပေးခြင်းကြောင့် ဝက်ဆင်တိုက်မှ အဝတ်အထည်နှင့် လူသုံးပစ္စည်းများကို 'လခထုတ်ပေး' အကြွေးယူ၍ လစဉ် ပေးဆပ်လာခဲ့သည်မှာ တစ်နှစ်ကျော်ခန့် ရှိပါလေပြီ။ အခွင့်သွားမည့်လ၌မူ အကုန်အကျများလိမ့်မည်ကို သိသည်နှင့် ကြွေးယူထားသည့် ငွေ ၄၀ ကျပ်ကို မဆပ်ခဲ့ဘဲ ထားခဲ့မိပါသည်။ ကျွန်ုပ်၏အကြံမှာ ဤလမဆပ်နိုင်လျှင် နောက်လတွင် ပေးဆပ်ရန်ဖြစ်ရာ ယခင်ကလည်း တစ်ကြိမ်၊ နှစ်ကြိမ်မျှ ဤအတိုင်း လုပ်ခဲ့ဖူး၏။ ဝက်လက်သို့ရောက်ကြ၍ မိခင်ဈေးရောင်းရခြင်းကို ကျွန်ုပ်တွေ့ရသောအခါ မိမိတတ်နိုင်သောတာဝန်ကို ထမ်းမည်ဆိုကာ ဈေးဆိုင်ကိုဖြုတ်စေ၍ ကျွန်ုပ်တို့နှင့်အတူ ရန်ကုန်သို့လိုက်နေရန် မိဘနှစ်ပါးကို ခေါ်လာခဲ့ပါသည်။ သားသမီးကကျွေးမွေးခြင်းကို မစားချင်တတ်သော ကျွန်ုပ်၏မိခင်က အတန်တန်ငြင်းသော်လည်း ကျွန်ုပ်က ကျွန်ုပ်ကဲ့သို့သောသားတစ်ယောက်လုံးရှိလျက်နှင့် မိခင်က ဆိုင်ကလေးရောင်းနေရခြင်းမှာ ကျွန်ုပ်အဖို့ ရှက်စရာကောင်းသည်ဆိုကာ အကြောင်းပြသည်နှင့် လိုက်လာကြရာလေသည်။ ဝင်ငွေ ၂၀၀ ကျပ်၊ ၃၀၀ ကျပ်ဆိုသည်မှာ ထိုခေတ်၌ စားဝတ်နေရေးအတွက် လုံလောက်သည်ဖြစ်ရာ မလုံလောက်သေးလျှင်လည်း ကျွန်ုပ် အလုပ်ပို၍လုပ်မည်၊ အပိုသုံးဖြုန်းခြင်းကို လျှော့ပစ်မည်ဟု အားခဲထားခဲ့ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဟိုပုံးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ရှေးဦးပြုစုခြင်းအခြေခံသင်တန်း(၁/၂၀၂၅) ဖွင့်လှစ်

ဟိုပုံး မတ် ၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကကြီးမှူး၍ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့်ပူးပေါင်းကာ ရှေးဦးပြုစုခြင်းအခြေခံသင်တန်း(၁/၂၀၂၅)ကို မတ်လ ၉ ရက်တွင် ဒေသအဆင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဒေါ်သင်းလဲ့ရီနှင့် သင်တန်းနည်းပြများက ကြက်ခြေနီအကြောင်းသိကောင်းစရာ၊ ရှေးဦးပြုစုခြင်းအတွေးအခေါ်များ၊ လူနာဆန်းစစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ သွေးဆုတ်၊ သွေးလန့်ခြင်း၊ မူးမေ့ခြင်းနှင့် သတိလစ်ခြင်း၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများကိုက်ခြင်းနှင့် တုပ်ခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း၊ ရိုးဆက်ကြောနှင့် ကြွက်သားများ ထိခိုက်ဒဏ်ရာရခြင်း စသည်တို့ကို ရှေးဦးပြုစုနည်း၊ လူနာကိုင်တွယ်ခြင်းနှင့် သယ်ဆောင်ခြင်း၊ အခြေခံအသက်ကယ်အထောက်အကူပြုနည်းများကို စာတွေ့/လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

အဆိုပါ ရှေးဦးပြုစုခြင်းအခြေခံသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ပြီး မတ်လ ၉ ရက်မှ ၁၂ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့



# ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း** ပထမဆု
မြင့်မိုရ်ဦး

၂။ **ပြည်သူ့အတွက် တပ်မတော်ဖြစ်သည်** ဒုတိယဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၃။ **(ကြည်း၊ ရေ၊ လေ)သည် ထာဝရညီ** တတိယဆု
လှိုင်ဝင်းထွန်း

၄။ **ရဲဝံ့စွန့်စား ပြည်ချစ်သား** စတုတ္ထဆု
ဒုတိယအရာခံဗိုလ်သက်ဝင်းလှိုင်

၅။ **နိုင်ငံတော်ကို ကာကွယ်ထား နည်းပညာနဲ့တပ်မတော်သား** ပဉ္စမဆု
ခင်ဇော်(မြဝတီ)

**စစ်သည်တေးသီချင်း**

၁။ **တွဲလက်မြဲစေ ညီအစ်ကိုတွေ** ပထမဆု
ထားရ

၂။ **တပ်မတော်၏သမိုင်းပေးတာဝန်** ဒုတိယဆု
မအိ(ပဲခူး)

၃။ **အမိမြေကို ချစ်ကြသူများ** တတိယဆု
ရွှေသင်းသူ(သဇင်)

၄။ **စစ်သားဆိုတာ** စတုတ္ထဆု
ကေသီ

၅။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** ပဉ္စမဆု
မြင့်မြတ်ဦး(မြဝတီ)

**ကဗျာ(ဝါသနာရှင်)**

၁။ **ခေတ်သမိုင်းကိုဆစ်ပိုင်း၍ ရစ်သိုင်းလေသော မော်ကွန်းလွှာ** ပထမဆု
ကောင်းခြိမ့်ကျော်

၂။ **စစ်သားဆိုတာ ပြည့်ရတနာ** ဒုတိယဆု
မနောသစ်(ပခုက္ကူ)

၃။ **နှစ်(၈၀)ပြည့် ဂုဏ်မြတ်သည့်တပ်မတော်နေ့** တတိယဆု
အောင်နိုင်သူ(ဖွဲ့ကပင်)

၄။ **ကြယ်ပေါင်းဝန်းရံရွှေနိုင်ငံ၏ အောင်လံမြင့်မော် တပ်မတော်** စတုတ္ထဆု
ခိုင်မြတ်မော်(မြဝတီ)

၅။ **အစဉ်အလာကောင်းသည့်တပ်မတော်** ပဉ္စမဆု
ဉာဏ်လင်း(တပ်ကုန်း)

၆။ **ခေတ်သမိုင်းကို ဆစ်ပိုင်းဖြတ်ကျော်တပ်မတော်** အထူးဆု(၁)
သက်နှင်းညို

၇။ **တပေါင်းမှသည် ရှေ့သို့ချီသော်၊ သွေးသစ်မော်ကွန်းတည်စေသတည်း** အထူးဆု(၂)
ရဲမွန်ကျော်

၈။ **ကမ္ဘည်းမော်ကွန်း တည်စေသွန်း** အထူးဆု(၃)
ရွှေလေးခင်

**ကဗျာ(အလွတ်တန်း)**

၁။ **တို့များတပ်မတော်** ပထမဆု
မြတ်ထွဏ်းနောင်

၂။ **နေတစ်စင်းနှင့်ငွေလမင်းသို့ပမာ နိုင်ငံအတွက်သာ တပ်မတော်ပါ** ဒုတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၃။ **တင့်တယ် သူရိန် လမင်းအိမ်သို့** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **ဖြတ်ကျော်လွှားရခရီးရှည် တပ်မတော်သားအလှ (ကြည်း၊ ရေ၊ လေ)** စတုတ္ထဆု
ရေနံ့သာမောင်ကျော်ညွှန့်

၅။ **နိုင်ငံလူမျိုးဂုဏ်ရှိန်တိုးအောင် ကြိုးစားဆောင်ဖော် တပ်မတော်** ပဉ္စမဆု
မနောဖြူ

၆။ **အောင်သပြေဖော်ညွှန်း တပေါင်းမော်ကွန်း** အထူးဆု(၁)
မောင်မင်းသိမ်း(သရက်)

၇။ **ခေတ်အဆက်ဆက် ထက်မြက်ဂုဏ်ကျော် မြန်မာ့တပ်မတော်** အထူးဆု(၂)
မျိုးစစ်သည်

၈။ **ကမ္ဘည်းမော်ကွန်း ပေါ်ထွန်းမွေးမြဲ သမိုင်းလှသော မြန်မာ့တပ်မတော်** အထူးဆု(၃)
ညောင်ရွှေ-ခင်မောင်မြ

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **စစ်မှန်သော မေတ္တာတရားဖြင့်** ပထမဆု
အမောင်

၂။ **သူတို့ကို ဈေးမရောင်းတော့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **ခရေဦး၏သန္နိဋ္ဌာန်** တတိယဆု
ယု(သဇင် FM)

၄။ **အပြုံးလည်းလှ နှလုံးသားလှတဲ့ မုန်းမရတဲ့ စစ်သည်တော်** စတုတ္ထဆု
မနောဖြူ

၅။ **သူရဲကောင်းတို့၏ဝိညာဉ်များ** ပဉ္စမဆု
ရဲမွန်ကျော်

၆။ **အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း** အထူးဆု(၁)
ငြိမ်းချမ်းဖြူ

၇။ **စစ်ကျောပိုးအိတ်မှာ ဆွဲချိတ်ထားတဲ့ကြယ်မှုန်တွေ** အထူးဆု(၂)
ထက်ပိုင်ဦး(သစ္စာမြေ)

၈။ **မွေးရာပါတာဝန်** အထူးဆု(၃)
စစ်ငြိမ်းပန်း

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **အားနာရန် မလိုခဲ့ပါ** ပထမဆု
မျိုးမြင့်ရန်နောင်

၂။ **ဇာတိသွေးစက် အိုးစားဖက်ကိုရှာကြသည်** ဒုတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၃။ **ကြယ်တွေကြွေသောလမ်း** တတိယဆု
ကျော်တေဇ(ဥက္ကလာ)

၄။ **ယုံကြည်ခြေတစ်လှမ်း** စတုတ္ထဆု
ထက်ဝေအောင်(စစ်ကိုင်း)

၅။ **မကြွေခဲ့ပုံ ကြယ်တစ်ပွင့်ရဲ့ရာဇဝင်** ပဉ္စမဆု
မောင်စူးရှ(အနောက်ရိုးမ)

၆။ **ငြိမ်းချမ်းပါစေ ပန်းဝါမြေ** အထူးဆု(၁)
မင်းလပြည့်(ဟားခါး)

၇။ **အမေ့မှာ သားတွေအများကြီးရှိပါတယ်** အထူးဆု(၂)
သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

၈။ **ကိုယ်သင်းနံ့လေး မွေးပျံ့နေသည်** အထူးဆု(၃)
စေတမန်

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **နောက်ဆုံးကျည်ဆန်** ပထမဆု
မြခြူးအိမ်

၂။ **သစ္စာနန်းမှပန်းရင်ခွင်** ဒုတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၃။ **အိမ်အမှတ်(၁၃၅)** တတိယဆု
လူမောင်(ဝိရောဓိ)

၄။ **အဏ္ဏဝါထက်က ပန်းပျိုးလက်** စတုတ္ထဆု
တင်ဦး(ရန်ကင်း)

၅။ **ကရုဏာရွှေလက်တို့ဖြင့် အမွန်မြတ်ဆုံး ပေးဆပ်ခဲ့ကြပါသည်** ပဉ္စမဆု
သျှင်ငြိမ်းစံ

၆။ **တိုင်းပြည်ကို စောင့်ရှောက်ဖို့ တာဝန်ရှိနေလို့ပါ** အထူးဆု(၁)
မောင်စိုးထွန်း

၇။ **အစဉ်နုပျိုနေသည့် ဥဒါန်းစကား** အထူးဆု(၂)
အောင်မင်းကျော်(ပညာ)

၈။ **စောင့်ထိန်းအပ်သော သစ္စာတရားတို့ဖြင့်** အထူးဆု(၃)
ခင်မျိုးမျိုးချစ်(ချင်းတောင်)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **လွမ်းရက်တာရှည် စစ်မြေစခန်းမှာဖြင့်** ပထမဆု
တက္ကသိုလ်မြမဋ္ဌူ

၂။ **ထာဝရစစ်သား ထာဝရမြန်မာ့တပ်မတော်** ဒုတိယဆု
စိုးနွေ

၃။ **နမ့်လွေချောင်းဘေးမှာ ပေးခဲ့လေသော မြေပုံလေးတစ်ချပ်အကြောင်း** တတိယဆု
ရဲမင်းစိုး

၄။ **လွမ်းရစ်စေသူ** စတုတ္ထဆု
ညိမ်းညို

၅။ **ကြယ်တစ်စင်းရဲ့ ဘဝစာမျက်နှာ** ပဉ္စမဆု
နေဇင်(ပေါက်ခေါင်း)

၆။ **ကျည်တစ်တောင့် လူတစ်ယောက်** အထူးဆု(၁)
နီသင်အောင်ကျော်မိုး

၇။ **ပေးဆပ်သူတို့၏ ချစ်ခြင်းသက်သေ** အထူးဆု(၂)
ခန့်ပိုင်

၈။ **အဖြူရောင်အနားသတ်** အထူးဆု(၃)
အမေ့သား(နတ်မောက်)

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများကသောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်မှုမြင်ကွင်း

















ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ပြည့်စွမ်းထား ...
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇
AIBA
2016
အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
STARMART nine mile
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
RHINO
Lemon Tea
NAN MYAING
PYIN OO LWIN
LIFE
TRISTAR


မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
MPU
UnionPay
24 ~ (01) 2301421, 2317166
" မှန်သည် မြန်သည် မြဝတီ "
Phone No : (01) 2301367, 2301368, 2301452, 2301378

# နီပေါ လေးနိုင်ငံ အမျိုးသမီးဘောလုံးဖိတ်ခေါ်ပြိုင်ပွဲ ချန်ပီယံ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၉

နီပေါနိုင်ငံ၌ ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၆ ရက်အထိကျင်းပသည့် လေးနိုင်ငံ အမျိုးသမီးဘောလုံးဖိတ်ခေါ်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲက Novotel Yangon Max ဟိုတယ်၌ ကျင်းပသည်။




အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ ပြိုင်ပွဲတစ်လျှောက် ယှဉ်ပြိုင်ခဲ့မှု ရုပ်သံမှတ်တမ်းကို ထုတ်လွှင့်ပြသသည်။ ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက်အောင်ပွဲရမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ KBZ Bank၊ ရောဝတီဘဏ်၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီ၊ Max Energy၊ Max Cement၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇနှင့် စေတနာရှင်၊ အလှူရှင်များက ဂုဏ်ပြုဆုငွေများချီးမြှင့်ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေစုစုပေါင်း ငွေကျပ်သိန်း ၅၇၃၀ ကို မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားများကို ပြန်လည်ချီးမြှင့်သည်။

ယင်းနောက်အောင်ပွဲရမြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကိုယ်စား တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းနှင့် တိုက်စစ်ကစားသမား မေထက်လူတို့က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာသူများနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတွင် နီပေါ၊ ကာဂျစ္စတန်၊ လက်ဘနွန်အသင်းတို့နှင့် လေးသင်းပတ်လည်ယှဉ်ပြိုင်ကစားခဲ့ပြီး အုပ်စုပွဲများတွင် လက်ဘနွန်အသင်းကို ၃ ဂိုး ၁ ဂိုး၊ ကာဂျစ္စတန်အသင်းကို ငါးဂိုးပြတ်အနိုင်ရ၍ အိမ်ရှင်နီပေါအသင်းနှင့် နှစ်ဂိုးစီသရေကျကာ အုပ်စုပထမဖြင့် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။ ဗိုလ်လုပွဲတွင် အိမ်ရှင်နီပေါအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ယူပြီး ချန်ပီယံဆုထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး**

**သတင်းဓာတ်ပုံ-သော်ကြီး**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၄၀ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် မတ် ၉

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းလျက်ရှိရာ ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄၀ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ရာ၌ ယနေ့တွင် တရုတ်နိုင်ငံသား ၂၁၄ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီထပ်မံ၍ ပြည်နှင်လွှဲပြောင်းပေးရာ အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားလှယ်များထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့- မယ်ထော်သလေးနယ်မြေသို့တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၄၀ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးလိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၄၈၄၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၁၈၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေးတက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။


(၁၀၀)

၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့
World Consumer Rights Day 2025

လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့
A Just Transition to Sustainable Lifestyles

၂၀၂၅ ခုနှစ်၊ မတ်လ ၁၅ ရက်

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကော့ကရိတ် | (၀.၇၉)လက်မ |
| ထားဝယ် | (၀.၃၅)လက်မ |
| မြိတ် | (၀.၀၈)လက်မ |
| ပူတာအို | (၀.၀၈)လက်မ |
| မြဝတီ | (၀.၀၈)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၃၉.၄ ̊C |
| ညောင်လေးပင် | ၃၉ ̊C |
| မကွေး | ၃၈.၈ ̊C |
| တောင်ငူ | ၃၈.၆ ̊C |
| ပြည် | ၃၈.၄ ̊C |
| နေပြည်တော်(ဇေယျာသီရိ) | ၃၈ ̊C |
| ရွှေကျင် | ၃၈ ̊C |
| ဖြူး | ၃၈ ̊C |
| တောင်တွင်းကြီး | ၃၈ ̊C |
| ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ) | ၃၈ ̊C |
| ကော့ကရိတ် | ၃၈ ̊C |
| ပဲခူး | ၃၇.၈ ̊C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၈ | ၂၈ |
| ရှမ်း(မြောက်) | ၁၁ | ၃၁ |
| ရှမ်း(အရှေ့) | ၁၆ | ၃၂ |
| ရှမ်း(တောင်) | ၁၂ | ၃၀ |
| ချင်း | ၆ | ၂၄ |
| စစ်ကိုင်း(အထက်) | ၁၅ | ၃၅ |
| စစ်ကိုင်း(အောက်) | ၁၈ | ၃၆ |
| နေပြည်တော် | ၂၀ | ၃၆ |
| မန္တလေး | ၁၉ | ၃၆ |
| မကွေး | ၁၅ | ၃၇ |
| ရခိုင် | ၁၅ | ၃၂ |
| ပဲခူး | ၁၉ | ၃၈ |
| ရန်ကုန် | ၂၃ | ၃၆ |
| ဧရာဝတီ | ၂၁ | ၃၇ |
| ကယား | ၁၅ | ၃၃ |
| ကရင် | ၂၂ | ၃၈ |
| မွန် | ၂၃ | ၃၇ |
| တနင်္သာရီ | ၂၂ | ၃၅ |

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော်　မတ် ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **မတ်လ ၆ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းလှမြို့၊ ညောင်ပင်သာမြို့၊ မြို့အဝင်ဂိတ်၌ လိုင်စင်မဲ့ Lifan မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ်အတွင်း၌ တရားမဝင်ရေနံစိမ်း (၉)ဂါလန်နှင့် ဆက်စပ်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၅၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၃၁၅၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မတ်လ ၇ ရက်**တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၂၉၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်လမ်းဆုံ၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် လယ်ဝေးမြို့နယ်၌ လိုင်စင်မဲ့ Kebo 110 မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၄၅၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Airwave မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ရေခဲစက်လမ်းရှိ ကမ်းနားဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅)မျိုးနှင့် လူသုံးကုန်ပစ္စည်း(၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၀၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ်(၃ ဒသမ ၇၇၁)တန်၊ သစ်မာ (သုည ဒသမ ၀၂၈)တန်၊ မီးသွေး (၁၆ ဒသမ ၆၄၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၃၉၃၂)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ဂန့်ဂေါမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၁၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Aumark II Light Truck (၁)စီး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ သံရွာအထွက်၊ လမ်းဘေးတစ်နေရာ၌ ရပ်တန့်ထားသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၄၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၂၃၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **မတ်လ ၈ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ပန်ခန်းတံတားအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၁၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု**စုစုပေါင်းမှာ အမှုတွဲ (၂၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၅၄၄၁၃၂)** ကို ဖမ်းဆီးရမိခဲ့သည်။ ထိုသို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော်　မတ် ၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၇ ရက် မွန်းလွဲ ၃ နာရီတွင် ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ ရပ်ကွက်(၅)ရှိ မအီစိန်၏ နေအိမ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၁၀၀ ပြား(တစ်ပြားလျှင် ငွေ ၅၀၀ ကျပ်နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေ ၃၂၀ ဒသမ ၅ သိန်း) ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် နံနက် ၉ နာရီခွဲတွင် တာချီလိတ်မြို့နယ်၊ မိုင်းဖုံး(ခ)ကျေးရွာအုပ်စု၊ ပါခုတ်ကျေးရွာအနီးတွင် သက်နိုင်ဝင်း(ခ)ကိုသက် မောင်းနှင်လာသည့် HONDA INSIGHT အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ ပြား (တစ်ပြားလျှင် ငွေ ၇၀၀ ကျပ် နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေ ၁၆၈ သိန်း) ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၈ ရက် နံနက် ၅ နာရီတွင် သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအုပ်စု၊ ကျွဲတပ်ဆုံကျေးရွာအနီး HIGER အမျိုးအစားခရီးသည်တင်မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပြား (တစ်ပြားလျှင် ငွေ ၁၅၀၀ ကျပ် နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေ ၁၅၀ သိန်း) ကို သိမ်းဆည်းရမိခဲ့သဖြင့် ငင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မအီစိန်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



သက်နိုင်ဝင်း(ခ)ကိုသက်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



မနန်းရီအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော်　မတ် ၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Mg Aye Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ပြည်သာယာရပ်ကွက်နေ အောင်မြတ်လင်းအား ည ၈ နာရီ ၄၀ မိနစ်တွင် ပြည်မြို့၊ အမှတ်(၃) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




## ပျောက်ဆုံးကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ ကန်သာယာကျေးရွာနေ ချမ်းငြိမ်းကျော်(ဘ)ဦးကျော်ဟိန်း ၉/လဝန(နိုင်)၁၉၇၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၇၄၂၀၄၂

## ပျောက်ဆုံးကြောင်း

နေပြည်တော်ပုဗ္ဗသီရိမြို့နယ်၊ ရွာတော်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနေ အိမ်အမှတ်(၃/၁၃၉)နေ ဇေယျာစိုး(ဘ)ဦးစိုးတင့် ၁၀/သထန(နိုင်)၁၅၇၇၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၃၅၀၁၁၂၅

## ပျောက်ဆုံးကြောင်း

မန်ကျည်းချောင်းရွာ၊ မီးလောင်ကုန်းအုပ်စုနေ မနှင်းဇာလီခိုင်(ဘ)ဦးစိုးကြိုင် ၁၄/အဂပ(နိုင်)၂၆၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ 569229) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၇၁၅၅၉

## ပျောက်ဆုံးကြောင်း

ကျောက်ဖြူမြို့၊ ရခိုင်ပိုက်ဆိပ်ရပ်ကွက်နေ ဖြိုးဝေမြင့်(ဘ)ဦးသာမြင့် ၁၁/ကဖန(နိုင်)၀၃၇၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၄၇၈၀၀၀

## ပျောက်ဆုံးကြောင်း

အောင်လံမြို့နယ်၊ မင်းကန့်မြောက်ရွာနေ မိုင်ယဉ်မွှေးဦး(ဘ)ဦးဝင်းဘို ၈/အလန (နိုင်)၂၄၆၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၉၆၄၄၁၆

## ပျောက်ဆုံးကြောင်း

ရပ်ကွက်(၃)၊ ပန်ဆိုင်း(ကြူကုတ်)မြို့နေ မလီဆူရှန်(ဘ)ဦးအိမ်ဖန့် ၁၃/မဆတ(နိုင်)၀၇၄၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 876578) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၂၇၅၈၄၀၇

## ပျောက်ဆုံးကြောင်း

နတ်မောက်မြို့နယ်၊ သာယာကုန်းကျေးရွာနေ အောင်ကိုဦး(ဘ)ဦးဖိုးစံ ၈/နမန(နိုင်)၂၀၁၆၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၂၄၄၂၆၃၈

## ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ကျီတိုင်ကုန်းရွာနေ မိုးမိုးအောင်(ဘ)ဦးစောအောင်၉/ပဘန(နိုင်)၂၂၁၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 117799) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၂၄၄၂၆၃၈

## ပျောက်ဆုံးကြောင်း

မြတ်ရွှေစိုး(ဘ)ဦးရွှေထွန်းအောင် ၁၁/စတန(နိုင်)၀၈၀၇၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

သက်သက်ဝင်း(ဘ)ဦးတင်ဝင်း ၁၄/ကပန(နိုင်)၂၁၆၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပညာဘဏ်တိုက်စာကြည့်တိုက်

## ပျောက်ဆုံးကြောင်း

မထူးထူးနိုင်(ဘ)ဦးလှဝင်းနိုင် ၁၀/သထန(နိုင်)၂၀၅၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 144280)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

မသဲနှင်းဖြူ(ဘ)ဦးဝင်းနွယ် ၈/ဂဂန(နိုင်)၁၂၆၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ဇင်မာလွင်(ဘ)ဦးကြည်လွင် ၅/ယမပ(နိုင်)၀၇၁၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၉၉၇၁၅၉

## ပျောက်ဆုံးကြောင်း

ဒေါ်ခင်လှ(ဘ)ဦးရာရှင် ၁၂/ရကန(နိုင်)၀၄၅၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၂၁၁၄၈၆

## ပျောက်ဆုံးကြောင်း

ဌေးဌေးလှိုင်(ဘ)ဦးမြင့်ဇော် ၅/ကလထ(နိုင်)၃၁၀၅၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

အိမ့္ဗန်ဖြိုး(ဘ)ဦးဖိုးဆန်း ၅/ယမပ(နိုင်)၀၈၄၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ခိုင်မျိုးရာဇာ(ဘ)ဦးဗိုလ်ထွန်း ၁၁/စတန(နိုင်)၀၆၉၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

နော်မရားရယ်(ဘ)ဦးအံကျော် ၁၄/ဇလန(နိုင်)၀၉၈၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 128013)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၀၉၆၃၀

## ပျောက်ဆုံးကြောင်း

ဇေယျာစိုးငြိမ်းစံ(ဘ)ဦးစိန်ဝင်း ၉/ညဥန(နိုင်)၁၅၀၁၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

၁။ ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်း၏ ရေလယ်ပင်မတံတား သံမဏိဆိုင်းကြိုးများ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် ဒလဘက်အခြမ်း၌ ဆိုင်းကြိုး ၁၃ နှင့် ရန်ကုန်ဘက်အခြမ်း၌ ဆိုင်းကြိုး ၁၂ တပ်ဆင်ပြီးစီးမည်ဖြစ်၍ ရေလမ်းကင်းလွတ်အကျယ် ၁၃၃ မီတာသာ ကျန်ရှိတော့မည်ဖြစ်ပါသည်။

၂။ သံမဏိဆိုင်းကြိုးတပ်ဆင်ခြင်းလုပ်ငန်း ဆိုင်းကြိုး ၁၂/၁၃ မှ ဆိုင်းကြိုး ၂၀ အထိ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း တံတားအောက်မှ ဖြတ်သန်းခုတ်မောင်းရမည့် ရေယာဉ်ကြီးများ၏ ရေလမ်းကင်းလွတ်အမြင့်သည် ရေထရက် ရေအမြင့်ဆုံးအချိန် ရေပြင်မှ Form Traveller အောက်ခြေအထိ ၄၀.၈ မီတာရှိပြီး မြေပြင်တိုင်းတာတွေ့ရှိချက်များအရ ၄၃.၁၃ မီတာရှိသောကြောင့် ၂၀၂၅ ခုနှစ်၊ ဧပြီလမှစတင်ပြီး တံတားအောက်မှ ခုတ်မောင်းဖြတ်သန်းရမည့် ရေယာဉ်များ၏ Air Draft သည် ၄၁ မီတာအထိသာ ဖြတ်သန်းခုတ်မောင်းနိုင်မည်ဖြစ်ပြီး လိုအပ်ပါက Round Turn Anchorage (RTA)တွင် ကျောက်ချရပ်နားပြီး ရေစစ်ချိန်ထိ စောင့်ဆိုင်းဖြတ်သန်းခြင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ တံတားတိုင်ခြေများ၏ မြစ်ညာနှင့် မြစ်ခြေ ၂ ဖက်၊ ကမ်းနှစ်ဖက်လုံးတွင် Radar Reflector တပ်ဆင်ထားသော မီးအချက်ပြ Buoy များကို ရေဒါစနစ်ဖြင့် အလွယ်တကူဖမ်းယူရရှိနိုင်ပြီး ဘေးအန္တရာယ်ကင်းစွာ ဖြတ်သန်းဝင်ရောက်နိုင်ရန်အတွက် အောက်ပါ Coordinate များအတိုင်း ချထားပေးပြီးဖြစ်ပါသည်-

| | |
|---|---|
| G1 - | 16 Deg,46.28 Min (N) |
| | 096 Deg, 08.54 Min (E) |
| R1 - | 16 Deg,46.115 Min (N) |
| | 096 Deg, 08.485 Min (E) |
| G2 - | 16 Deg,46.27 Min (N) |
| | 096 Deg, 08.60 Min (E) |
| R2 - | 16 Deg,46.10 Min (N) |
| | 096 Deg, 08.55 Min (E) |
| G3 - | 16 Deg,46.235 Min (N) |
| | 096 Deg, 08.74 Min (E) |
| R3 - | 16 Deg,46.07 Min (N) |
| | 096 Deg, 08.70 Min (E) |
| G4 - | 16 Deg,46.232 Min (N) |
| | 096 Deg, 08.805 Min (E) |
| R4 - | 16 Deg,46.06 Min (N) |
| | 096 Deg, 08.77 Min (E) |

၄။ သို့ဖြစ်ပါ၍ ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်း၏ ရေလယ်ပင်မတံတားသံမဏိဆိုင်းကြိုးများ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း ပင်မတံတားအောက်မှ ဖြတ်သန်းသွားလာမည့် ရေယာဉ်ကြီးများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ရေကြောင်းသတိပေးချက်(Notice To Mariners)ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၃-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၅ | ၃၂၇၀ | ၃၂၃၅ | ၃၀၇၀ | ၃၂၇၅ | ၃၂၉၀ | ၃၃၁၀ | ၃၂၂၅ | ၄၅၀၅ | ၃၅၂၀ | ၃၂၄၅ | ၃၂၄၅ | ၃၃၁၅ | ၃၂၈၀ | ၃၃၀၀ | ၃၅၆၀ |
| 95 Ron | ၃၂၀၅ | ၃၃၂၀ | ၃၂၈၅ | ၃၂၂၀ | ၃၃၂၅ | ၃၃၄၀ | ၃၃၆၀ | ၃၂၇၅ | ၄၅၆၀ | ၃၅၇၀ | ၃၂၉၅ | ၃၂၉၅ | ၃၃၆၅ | ၃၃၃၀ | ၃၃၅၀ | ၃၆၁၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၈၀၅ | ၂၇၇၀ | ၂၇၀၅ | ၂၈၁၀ | ၂၈၂၅ | ၂၈၄၅ | ၂၇၆၅ | - | ၃၀၅၅ | ၂၇၈၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၁၅ | ၂၈၄၀ | ၃၀၉၅ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၇၅ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၇၅ | ၃၇၃၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၂ | ၃၀၇၅ |
| 95 Ron | ၃၀၃၀ | ၃၁၂၄ |
| HSD (500 ppm) | ၂၅၃၂ | ၂၆၁၃ |
| HSD (50 ppm) | ၃၁၅၁ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၁ | ၃၂၄၄ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း
လုပ်ငန်းကြီးကြပ်ရေးကော်မတီ

❖ **ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက်ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကိုဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်ရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် မတ် ၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်မြို့တွင် တရားဝင်ချစ်ကြည်ရေး ခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်နှင့် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် နိုဗိုစီဗစ်မြို့၊ Grand Autograph ဟိုတယ်ရှိအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ

**စာမျက်နှာ ၁၅ ကော်လံ ၁ ⇨**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုဗိုစီဗစ်မြို့၊ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်၊ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများနှင့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြား**

စာ - ၅ သို့

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ**

စာ - ၃ သို့

**ဆောင်းပါး**

**တစ်သားတည်းပင် ကြားမထင်ဘဲ**

စာ - ၁၁ သို့